ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့၊ (25-5-2006) (၄၉၆၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အာဂျင်တီးနားသမ္မတနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၅

၂၀၀၆ခုနှစ် မေ ၂၅ ရက်တွင်ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နက်စတာ ကားလို့စ် ကာချပ်စ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံ တိုးချဲ့တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၄

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းမြောက်ဘက် တိုးချဲ့ခြင်းစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ရှစ်လက်မထု အောက်ခံဘိလပ်မြေကွန်ကရစ်ထု အခြေခံလွှာခင်းခြင်းလုပ်ငန်း၊ ၁၄ လက်မထုအောက်ခံ ဘိလပ်မြေကွန်ကရစ် အခြေခံလွှာခင်းခြင်းလုပ်ငန်းများကို လေယာဉ်ပြေးလမ်းတိုးချဲ့ ပေ ၃၀၀၀ အရှည်နှင့် အကျယ်ပေ ၂၀၀ ပတ်လည်နှင့် လေယာဉ်ကွေ့ရန်နေရာ ၅၂၅ ပေ x ပေ ၂၀၀ တို့တွင် ခင်းပြီးမှုအခြေအနေများအားလည်းကောင်း၊ သုံးလက်မကတ္တရာကွန်ကရစ်အောက်လွှာခင်းခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေနှင့်ဆက်လက်၍ အပြီးသတ် နှစ်လက်မထု ကတ္တရာကွန်ကရစ် မျက်နှာပြင်လွှာခင်းခြင်းလုပ်ငန်းများ ညှိနှိုင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တိုးချဲ့လေယာဉ်ပြေးလမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။ အဆိုပါစီမံကိန်းပြီးစီးပါက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေယာဉ်ပြေးလမ်းအရှည်မှာ ပေ ၁၁၂၀၀ နှင့် အကျယ်ပေ ၂၀၀ ရှိမည်ဖြစ်ပြီး Boeing 747-400 လေယာဉ်ကြီးများ ဆင်းတက်နိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် Asia World ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းသို့ ရောက်ရှိသည်။ စီမံကိန်းရှင်းလင်းဆောင်၌ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

▶ *အန္တရာယ်ကြီးမားလှသော ဆေးလိပ်၊ ဆေးရွက်များအား လူအများ သောက်သုံးမှုမပြုစေရေးအတွက် ပညာပေးလုပ်ငန်းများ၊ ကန့်သတ်မှုများကို နိုင်ငံအများအပြား၌ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလုပ်ကိုင်နေကြပြီဖြစ်သည်။*

(ခေါင်းကြီး) စာမျက်နှာ–၂

▶ *ကျိုင်းတုံ–တာကော်လမ်းမကြီး ၁၁၄ မိုင် အဆင့်မြှင့်တင် ကတ္တရာလမ်း ဖောက်လုပ်ပေးခဲ့မှုကြောင့် ယာဉ်ငယ်များသည် ကျိုင်းတုံကတစ်ဆင့် တောင်ကြီးသို့ ရာသီမရွေး နေ့ချင်းပေါက် ရောက်အောင်သွားနိုင်ကြပြီဖြစ်သကဲ့သို့ ကုန်တင်ယာဉ်ကြီးများလည်း အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။*

စိုင်းသိန်း(ကျိုင်းတုံ)၏ **"လုံခြုံချောမွေ့လာသော ရှမ်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကွန်ရက်"** (ဆောင်းပါး) စာမျက်နှာ–၃

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၅-၂၀၀၆
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆေးလိပ်သောက်သုံးမှု အန္တရာယ်သိမြင် ဆေးလိပ်၊ ဆေးရွက်သုံးစွဲမှု ထာဝရရှောင်ကြဉ်

ဆေးလိပ်သောက်ခြင်းသည် ကိုယ်တိုင်သောက်သုံးသူအတွက် အန္တရာယ်ရှိသည့်အပြင် ဆေးလိပ်သောက်သုံးသူများက ဖွာထုတ်လိုက်သော ဆေးလိပ်မီးခိုးငွေ့ကို ရှူရှိုက်မိသူများတွင်လည်း အန္တရာယ်ကျရောက်နိုင်သည်။

ဆေးလိပ်သောက်သုံးသူများသည် အဆုတ်ကင်ဆာဖြစ်နိုင်သည်။ နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းစသည့် ရောဂါဝေဒနာများ ခံစားရနိုင်သည်။ ဆေးလိပ်သောက်သုံးခြင်း၊ ဆေးရွက်ကြီးကို ပါးစပ်ထဲတွင် ငုံခြင်းတို့ကြောင့် အဆိပ်ဖြစ်စေသောဓာတ်များ ပါးစပ်၊ လျှာ၊ လည်ပင်းရိုး၊ အစာမျိုပြွန်ဝ၊ လေမျိုပြွန်၊ အဆုတ် စသည့်နေရာများသို့ ပျံ့နှံ့ရောက်ရှိသွားပြီး ကင်ဆာရောဂါဖြစ်စေနိုင်ကြောင်း ဆေးပညာသုတေသနပြုချက်များအရ သိရှိ ရသည်။

မိဘများဆေးလိပ်သောက်သဖြင့် ဆေးလိပ်ငွေ့ကို ရှူရှိုက်နေရသူသားသမီးများ၊ ဆေးလိပ်သောက်သူ လုပ်ဖော်ကိုင်ဖက်များကြောင့် ဆေးလိပ်ငွေ့ရှူရှိုက်နေရသူများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် ဆေးလိပ်သောက်နေသူများ၏ ဆေးလိပ်ငွေ့များကို မလွှဲမရှောင်သာ ရှူရှိုက်နေရသူများသည် ကိုယ်တိုင်ဆေးလိပ်သောက်သူကဲ့သို့ပင် ဆေးလိပ်၏ ဆိုးကျိုးအန္တရာယ်များ ရရှိနိုင်သည်။

အန္တရာယ်ကြီးမားလှသော ဆေးလိပ်၊ ဆေးရွက်များအား လူအများသောက်သုံးမှု မပြုစေရေးအတွက် ပညာပေးလုပ်ငန်းများ၊ ကန့်သတ်မှုများကို နိုင်ငံအများအပြား၌ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလုပ်ကိုင်နေကြပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ယခုနှစ် မေလ ၄ ရက်နေ့က ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံက လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ အကောင်အထည်ဖော်ခြင်းဖြစ်သည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ကျန်းမာရေး ထိခိုက်စေနိုင်ကြောင်း အများပြည်သူတို့ သိရှိရှောင်ကြဉ်နိုင်ရန်၊ ကလေးသူငယ်နှင့် လူငယ်လူရွယ်များ ဆေးလိပ်သောက်သုံးခြင်း အလေ့အထမှ တားဆီးကာကွယ်ရန်နှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ခြင်းဖြင့် အများပြည်သူတစ်ရပ်လုံး ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်၍ ယင်းဥပဒေကို ထုတ်ပြန်ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးအဖွဲ့ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ၊ ဆေးလိပ်သောက်ခွင့်မရှိသော နေရာများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်သတ်မှတ်ခြင်းများ ပါရှိသည်။ အများပြည်သူနှင့် သက်ဆိုင်သည့် ဆေးရုံများ၊ ကျောင်းများ၊ ရုပ်ရှင်ရုံများ၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိသည့် ဈေးရုံများ၊ လေယာဉ်၊ မော်တော်ယာဉ်၊ ရထားနှင့် ရေယာဉ်များပေါ်တွင် ဆေးလိပ်သောက်သုံးခွင့် ပြုတော့မည်မဟုတ်ပေ။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးခြင်း၏ ဆိုးကျိုးကို သိမြင်ပြီး သုံးစွဲခြင်းမှ ထာဝရရှောင်ကြဉ်သင့်သည်။ ထို့အတူ ဥပဒေစည်းကမ်းများနှင့်အညီ ထိန်းချုပ်နိုင်ရေး ထိထိရောက်ရောက် ကြပ်မတ်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ။

အမှတ် (၁) သီရိရတနာလမ်း ပြည်သာယာရိပ်သာ ဘောက်ထော်ရန်ကင်းမြို့နယ်နေ ဦးနေဝင်းထွန်း၏ မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင်အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။ (က-ပ)

စီးပွား/ ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ကုန်သွယ်ရေးပြပွဲ တက်ရောက်ရန် တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့၌ကျင်းပမည့် (၇)ကြိမ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်ပိုင်းဒေသ အပြည်ပြည်ဆိုင်ရာ စီးပွားကုန်သွယ်ရေးပြပွဲသို့ တက်ရောက်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး Mr. Guan Mu၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ မိသားစုဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးအောင်နိုင်ဦး၊ မြန်မာ့ကြဲလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မြင့်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးငွေချွန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့လည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ဓမ္မစေတီဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း သာကေတ မြို့နယ် ၄/တောင်ရပ်ကွက် သာသနာ့ဝေပုလ္လ ဓမ္မာရုံတော်ကြီး၌ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ M.A (Buddhism) မဟာဓမ္မာစရိယ အရှင်သူမြတ်၏ ထေရဝါဒ အထူးတရားပွဲကို မေ ၂၉၊ ၃၀၊ ၃၁ရက် တို့၌ ညစဉ် ၇နာရီမှစ၍ တရားအလှူပေးလှူမည်ဖြစ်၍ ကြွရောက်နာယူကြရန် ဖိတ်ကြားထားသည်။ (က-ပ)

အာဂျင်တီးနားအမျိုးသားနေ့ ဝန်ကြီး ဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၅

၂၀၀၆ခုနှစ် မေ ၂၅ရက်တွင် ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာဂျော့ တာအီယားနားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ယာဉ်မောင်းသူများ လိုက်နာရန် သတိပေး နှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-
- (၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
- (၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
- (၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
- (၄) လမ်းပေါ်တွင် ရွှံ့ညွှန်များရှိလျှင် လမ်းချော်နိုင်သည်။
- (၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
- (၆) ဘရိတ်ကို ရုတ်တရက်မနင်းပါနှင့်။
- (၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
- (၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
- (၉) မိုးသည်းထန်စွာ ရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
- (၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပညာသင် ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် မေ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် အင်းစိန် ဗဟိုအကျဉ်းထောင်မှ ဝန်ထမ်းများ၏သားသမီး၊ ကျောင်းသား၊ ကျောင်းသူများအတွက် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၂၂ရက် မွန်းတည့် ၁၂နာရီက အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းတက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီစန်းသို့ ကျောင်းသား၊ ကျောင်းသူ ၆၂၂ဦးအတွက် ပညာသင်ထောက်ပံ့ကြေးငွေ ၁၆၁၅၇၀၀ ကျပ်နှင့် ကျောင်းဝတ်စုံစရိတ်ကျပ် ၉၈၉၉၆၀ စုစုပေါင်း ကျပ် ၂၆၀၅၆၆၀ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)** (၆၁)

လုံခြုံချောမွေ့လာသော ရှမ်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကွန်ရက်

စိုင်းသိန်း(ကျိုင်းတုံ)

ယနေ့ကာလသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် နိုင်ငံ့ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား ပြည်သူအားလုံး၏ လူနေမှုအဆင့်မြင့်မားရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်နေသော အချိန်အခါဖြစ်သည်။

နိုင်ငံအတွင်း လူဦးရေအများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းသည် မြို့ပြဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးလာခြင်းသည် နိုင်ငံဖွံ့ဖြိုး တိုးတက်လာခြင်းပင်ဖြစ်သည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို နိုင်ငံတော်က ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့် ဖော်ဆောင်လျက်ရှိသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ယန်းလော–ကတ်ထိုက်ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားများကိုလည်း မတ်လ ၂၆ ရက်နေ့က ကျင်းပခဲ့ရာ စာရေးသူ တက်ရောက်လေ့လာခဲ့ရသည်။

ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၃၆၀၀ ရှိပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) မှ ကတ္တရာပံ့ပိုးမှု၊ နယ်မြေခံဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲမှ လုပ်အား၊နည်းပညာ၊ စက်ယန္တရားများနှင့် ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင် ကြိုးပမ်း မှုများဖြင့် ဖောက်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ယန်းလော–ကတ်ထိုက် ကျေးရွာချင်းဆက်လမ်းမှာ မူလက မြေသားလမ်းဖြစ်ပြီး ယခုကဲ့သို့ ကျောက်ချောလမ်းသစ်ခင်းနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ခွင့်ပြုငွေ၊ ပြည်သူ့

ကျိုင်းတုံ–မိုင်းပျဉ်း–တာကော်လမ်းသစ် မြင်ကွင်းကို တွေ့ရစဉ်။

ဆောက်လုပ်ရေးလုပ်ငန်းမှ လုပ်အား၊ နည်းပညာ၊ စက်ယန္တရားများနှင့် ဒေသခံပြည်သူများ ပေါင်းစပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လမ်းနှင့်တံတားများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များကလည်း ဝိုင်းဝန်းကူညီလျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုခရီးရောက်လျက်ရှိကြောင်း တွေ့ရပါသည်။

နိုင်ငံတစ်နိုင်ငံ၊ ပြည်နယ်တစ်ခု ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် ဦးစွာပထမ လမ်းပန်းဆက်သွယ်ရေးသည် အဓိကအကျဆုံးဖြစ်ပါသည်။ အရပ်စကားဖြင့် ပြောဆို ရေးသားရမည်ဆိုလျှင် **“သွားရေးလာရေး လွယ်ကူချောမွေ့ရေး”**ပင်ဖြစ်သည်။ သွားရေးလာရေး လွယ်ကူချောမွေ့ဖို့ဆိုလျှင် ဦးစွာပထမ နယ်မြေဒေသလုံခြုံမှုရရှိရေးပင်ဖြစ်သည်။

ရှမ်းပြည်နယ်သည် ၁၉၈၉–၉၀ ပြည့်နှစ်နောက်ပိုင်းတွင် လုံခြုံငြိမ်းချမ်းမှု ရရှိလာခဲ့သည်။ လုံခြုံငြိမ်းချမ်းမှု ရရှိလာခြင်း၏ အကျိုးဆက်အနေဖြင့် တရားဥပဒေစိုးမိုးမှုလည်း ရှိလာခဲ့သည်။

ကျိုင်းတုံ – တောင်ကြီး ပြည်ထောင်စုလမ်းမကြီးပေါ်မှ တာကော်–ကျိုင်းတုံလမ်းအပိုင်း ၁၁၄ မိုင် အဆင့်မြှင့်တင် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၅ခုနှစ် ဇွန်လတွင် ဖွင့်လှစ်ခဲ့ရာ စာရေးသူ တက်ရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။

ယခင်ကဆိုလျှင် မိုးတွင်းကာလ၌ ရာသီဥတုအခြေအနေကြောင့် လေယာဉ်ခရီးစဉ်များ နည်းပါးခဲ့၏။ ဤသို့သော အခြေအနေတွင် အကြောင်းကြောင်းကြောင့် မသွားမဖြစ်သည့်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသသို့ ကျိုင်းတုံမှသွားလာလိုလျှင် မော်တော်ကားလမ်းကိုပင် အားကိုးရပြီး လမ်းတစ်လျှောက် မိုးတွင်းကာလ တောင်ပြို၊ ဗွက်ထကာ ဗွက်တန်းရှည်များကြောင့် ကျိုင်းတုံမှ တောင်ကြီးမြို့သို့ ရောက်ရှိရန်အတွက် ရက်ပေါင်းများစွာ သွားခဲ့ရသည်။

ထိုကဲ့သို့ ရက်ပေါင်းများစွာ သွားလာနေရသည့်အတွက် အတိဒုက္ခရောက်သူတွေလည်း မနည်းခဲ့ပါ။

လမ်းမကောင်းသည့်အတွက် ဖြတ်သန်းသွားလာရသည့် မော်တော်ယာဉ်များ မပျက်စီးသင့်ဘဲ ချွတ်ယွင်းပျက်စီးမှုများ ရှိခဲ့ပါသည်။

ကျိုင်းတုံ–တာကော်လမ်းမကြီး ၁၁၄ မိုင် အဆင့်မြှင့်တင် ကတ္တရာလမ်း ဖောက်လုပ်ပေးခဲ့မှုကြောင့် ယာဉ်ငယ်များသည် ကျိုင်းတုံကတစ်ဆင့် တောင်ကြီးသို့ ရာသီမရွေး နေ့ချင်းပေါက် သွားနိုင်ကြပြီဖြစ်သကဲ့သို့ ကုန်တင်ယာဉ်ကြီးများလည်း အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။ ထို့အတူ ၂၀၀၅ ခုနှစ် မေလအတွင်းမှာပင် ရှမ်းပြည်နယ် မြောက်ပိုင်း၌ သံလွင်အရှေ့ခြမ်း နယ်စပ်ဒေသအထိ လမ်းပေါက်စေခဲ့သည့် ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာရွှေထန် လမ်းပေါ်က သံလွင်မြစ်ကူး(တာပါး)တံတားကို ဖွင့်လှစ်ပေးခဲ့ပြီး ၆–၆–၂၀၀၅ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့်(တောင်ပိုင်း) ဆက်သွယ်ရာ အတိုဆုံး လမ်းကြောင်းသစ် ပေါ်ထွန်းလာခဲ့ပါသည်။

ကျိုင်းတုံ–မိုင်းပျဉ်း–တာကော်လမ်းသစ် မြင်ကွင်းကို တွေ့ရစဉ်။

နောင်ချို – ရပ်စောက် – ရွှေညောင် လမ်းပေါ်ရှိ ဒုဋ္ဌဝတီတံတား(နောင်ချို)ကို ဖွင့်လှစ်ခဲ့ပြီ ဖြစ်သည်။ ယခင်က တောင်ကြီး–တာကော်–မိုင်းပျဉ်း–ကျိုင်းတုံလမ်းမကြီးသည် မြေသားလမ်းပေါ်သည်အထိ ယိုယွင်းနေသည့် လမ်းအပိုင်းများ၊ ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်နေမှုများ၊ အချို့နေရာများ၌ လမ်းကျဉ်းမြောင်းနေမှုများ၊ ကျောက်တောင်သဲတောင်များ ပြိုကျပြီး လမ်းပိတ်ဆို့မှုများ ရှိနေသည့်အတွက် နှစ်ညအိပ် သုံးရက်ခရီးခန့် သွားခဲ့ရသည့်အပြင် ၁၀ ဘီးတပ် ကုန်တင်ကားကြီးများမှာ လဝက်ခန့်အချိန်ယူ သွားလာခဲ့ရပြီး ကျောက်တောင်–သဲတောင် ပြိုကျသည့်အခါ လမ်းပိတ်ဆို့နေမှုများ၊ မိုးတွင်းကာလများ၌ လမ်းလုံးဝပိတ်ထားခဲ့ရခြင်းများ ကြုံတွေ့ခဲ့ရပါသည်။

ယခုတာချီလိတ်၊ မိုင်းလားစသည့် နယ်စပ်မြို့ကြီးများ၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် ကူးသန်းသွားလာရေး စည်ပင်ဖွံ့ဖြိုးလာမှု၊ တာချီလိတ်–ကျိုင်းတုံ–မိုင်းလားလမ်းပေါ်ထွန်းလာမှု၊ တာချီလိတ်–ကျိုင်းတုံလမ်း တိုးတက်ကောင်းမွန်လာမှုတို့ကြောင့် တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးတွင် ခရီးသွားလာမှုပိုမိုများပြားလာသည့်အပြင် ၁၀ ဘီးတပ် ကားကြီးများသွားလာမှုလည်း တိုးပွားလာသည့်အတွက် ဤတောင်ကြီး–ကျိုင်းတုံလမ်းမကြီးကို အဆင့်မြှင့်တင်ပေးရန် လိုအပ်လာခဲ့ပါသည်။

မိုင်းပျဉ်း–ကျိုင်းတုံလမ်းအပိုင်းကို နိုင်ငံတော်က အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် တောက်လျှောက် လမ်းပန်းချောမွေ့သွားခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အနေဖြင့် ကျိုင်းတုံ – မိုင်းပျဉ်း – တောင်ကြီး – မိတ္ထီလာလမ်းမှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်း၊ ယင်းလမ်းမှပင် လွိုင်လင်ကတစ်ဆင့် လဲချား–မိုင်းကိုင်–ပန်ကေတု–သီပေါလမ်းမှတစ်ဆင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ အလွယ်တကူ ကူးသန်းသွားလာနိုင်ပြီဖြစ်သည်။

ယခင်အခါက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)တို့သည် မန္တလေးတိုင်းမှတစ်ဆင့် ကွေ့ပတ်ပြီး ကူးသန်းသွားလာခဲ့ရသည်။ ယခုကဲ့သို့ ရှမ်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် စနစ်တကျ စီမံကိန်းများချမှတ်ပြီး အကွက်ချ စီမံဆောင်ရွက်ပေးခဲ့သည့်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ (တောင်ပိုင်း)၊ (အရှေ့ပိုင်း)သို့တိုက်ရိုက်သွားလာနိုင်ရုံမကရှမ်းပြည်နယ်တစ်ခွင်လုံးရှိ မြို့ကြီးများသို့ ဆက်စပ်ပေးသည့် လမ်းပန်းဆက်သွယ်ရေးကွန်ရက် ဖြစ်လာသည်ကို မြင်တွေ့နေရပြီဖြစ်သည်။

ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ နယ်စပ်ဝင်ပေါက်ဒေသများအထိ လမ်းပေါက်နေပြီဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံကို ဖြတ်သန်းကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့အကြား အပြန်အလှန် ကူးသန်းသွားလာနိုင်သည့် အခြေအနေသို့ရောက်ရှိနေပေရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အပါအဝင် ရှမ်းပြည်နယ်တစ်ခွင်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများ ဖြစ်ထွန်းလာပြီဖြစ်ပါသည်။ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံ – မိုင်းဖြတ် – မိုင်းယောင်း – မိုင်းယုလမ်း တိုးတက်ကောင်းမွန်ရေးနှင့် ကျိုင်းတုံ–မိုင်းခတ်–မိုင်းယန်းလမ်း ရာသီမရွေး သွားလာနိုင်ရေး အပါအဝင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ခရိုင်ချင်းဆက်လမ်း တိုးတက်ကောင်းမွန်ရေး၊ မြို့နယ်ချင်းဆက်လမ်း တိုးတက်ကောင်းမွန်ရေးနှင့် ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့်လမ်းများ ကောင်းမွန်ရေးတို့ကိုလည်း အချိန်ရလျှင် ရသလို ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သဖြင့် ရှမ်းပြည်နယ် တွင်းရှိ ဆက်သွယ်ရေးလမ်းများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ လမ်းကွန်ရက်များသည် ရှမ်းအရှေ့ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုလျက်ရှိပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

ရှမ်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် စနစ်တကျ စီမံကိန်းများချမှတ်ပြီး အကွက်ချ စီမံဆောင်ရွက်ပေးခဲ့သည့်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ (တောင်ပိုင်း)၊ (အရှေ့ပိုင်း)သို့ တိုက်ရိုက်သွားလာနိုင်ရုံမက ရှမ်းပြည်နယ်တစ်ခွင်လုံးရှိ မြို့ကြီးများသို့ ဆက်စပ်ပေးသည့် လမ်းပန်းဆက်သွယ်ရေးကွန်ရက် ဖြစ်လာသည်ကို မြင်တွေ့နေရပြီဖြစ်သည်။

နီပေါခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်

ခတ္တမန္ဒူ မေ ၂၃

နီပေါနိုင်ငံ၏ခရီးသွားလုပ်ငန်းသည် ယခင်ကာလကထက် တဖြည်းဖြည်းချင်း ပြန်လည်တိုးတက်လာကြောင်း ခရီးသွားလာရေး လုပ်ငန်းရှင်တစ်ဦးက မေ ၂၂ ရက်တွင် ပြောကြားသည်။

မတည်မငြိမ်ဖြစ်မှုကြောင့် ခရီးသွားလုပ်ငန်း ထိခိုက်မှုရှိခဲ့သော်လည်း ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်မည့် အခြေအနေများရှိကြောင်း ဒူလစ်စ်ဟလ်မြို့မီရာဘလ် အပန်းဖြေစခန်း ပိုင်ရှင် ရှရမ်မိုဟန်ရှီသာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အကြမ်းဖက်မှုနှင့် မတည်မငြိမ်မှုကြောင့် နီပေါနိုင်ငံ၏ ခရီးသွား လုပ်ငန်း လုံးဝထိခိုက်မှုမရှိကြောင်း၊ ယခုအချိန်အထိ နီပေါနိုင်ငံသို့ လာရောက်သော ခရီးသွားဧည့်သည် ၁ ဒသမ ၂ သန်း ရှိကြောင်း ၎င်းက ပြောဆိုသည်။

၁၉၉၉ ခုနှစ်တွင် နီပေါသို့ လာရောက်သော ခရီးသည်ဦးရေ ၅၀၀၀၀၀ ရှိခဲ့ရာ ယခုလာရောက်သော ကမ္ဘာလှည့်ခရီးသည်ဦးရေမှာ စံချိန်တင် ရလောက်အောင် များကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မက္ကဆီကို မြောက်ပိုင်းတွင် ဆေးခြောက်ရှစ်တန် ဖမ်းမိ

မက္ကဆီကိုစီးတီး မေ ၂၃

မက္ကဆီကိုနိုင်ငံမှ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ရဲတပ်ဖွဲ့သည် မက္ကဆီကိုနိုင်ငံမြောက်ပိုင်း နူဗိုလီယွန် ပြည်နယ်တွင် အလေးချိန် ၈ ဒသမ ၁၄ တန်ရှိ ဆေးခြောက်များကို သိမ်းဆည်းရမိကြောင်း ရှေ့နေချုပ်ရုံးက တနင်္လာနေ့တွင် ပြောကြားသည်။

ဆန်တာကာတာရီနာ ဒေသအနီး မွန်ထရီအလန်ဒေး လမ်းမကြီးပေါ်တွင် ခာတ်မြေသြဇာ တင်ဆောင်လာသည့် ထရပ်ကားတစ်စီးပေါ်မှ တနင်္လာနေ့ နံနက်က အဆိုပါဆေးခြောက်များကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးအနံ့ အပြင်သို့ မထွက်စေရန် အဆိုပါ ဆေးခြောက်များကို ဓာတ်မြေသြဇာထည့်သည့် အိတ်အတွင်း ဝှက်ကာ ယူဆောင်လာခဲ့သည်။

အဆိုပါ ထရပ်ကားသည် တင်မူလီပတ်စ်ပြည်နယ်သို့ ဦးတည်လာခဲ့ခြင်း ဖြစ်သည်ဟု ဖော်ပြပါရှေ့နေ ချုပ်ရုံးက ပြောကြားသည်။

စုံစမ်းစစ်ဆေးရေး အေဂျင်စီမှ အရာရှိများက မူးယစ်ဆေးဝါး မှောင်ခိုမှုဖြင့် လူနှစ်ဦးကို ဖမ်းဆီးထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိခဲ့ရာ ရောဂါစစ်ဆေးမှု ပြုလုပ်ရန် ပြင်ဆင်နေသည်ကို မေ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆရီနာဂါမြို့တွင် အကြမ်းဖက်တိုက်ခိုက် ရှစ်ဦးသေဆုံးပြီး ၂၂ ဦး ဒဏ်ရာရ

နယူးဒေလီ မေ ၂၃

အိန္ဒိယနိုင်ငံ ဆရီနာဂါမြို့တွင် မတ် ၂၁ ရက်က လက်ရှိအာဏာရ ကွန်ဂရက်ပါတီ၏ လူထုအစည်းအဝေး ကျင်းပသည့်နေရာကိုစစ်သွေးကြွများက တိုက်ခိုက်ခဲ့ရာ ပြောက်ကျားနှစ်ဦး အပါအဝင် လူရှစ်ဦးသေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ကက်ရှ်မီးယား အရေးအတွက် ဆွေးနွေးပွဲပြုလုပ်ရန် အိန္ဒိယဝန်ကြီးချုပ် သွားရောက်ရန် သတင်းထုတ်ပြန်ပြီး သုံးရက်အကြာတွင် တိုက်ခိုက်မှုဖြစ်ပွားရခြင်းဖြစ်သည်ဟု သတင်းတစ်ရပ်၌ ရေးသားဖော်ပြသည်။

အာဏာရပါတီ ပါတီဝင်များ စုရုံးရောက်ရှိရာနေရာသို့ ပြောက်ကျားနှစ်ဦးက လက်ပစ်ဗုံးများ၊ မောင်းပြန်သေနတ်များဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ကြသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ယခင် ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ လုပ်ကြံခံရမှု (၁၅)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားအဖြစ် လူထုအစည်းအဝေး ကျင်းပရာ ရှာအဲကက်ရှ်မီးယားဥယျာဉ်၌ တိုက်ခိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါ ဥယျာဉ်အတွင်းသို့ ပြောက်ကျားများ အပြေးဝင်ရောက်လာပြီး ၎င်းတို့၏ မောင်းပြန်လက်နက်များဖြင့် အရမ်းမဲ့ပစ်ခတ်ခဲ့ကြောင်း လူငယ်ပါတီဝင် အလုပ်သမားတစ်ဦးက ပြောကြားသည်။ အခင်းဖြစ်ပွားရာနေရာသို့ အရန်တပ်ဖွဲ့ဝင်များ အပြေးအလွှား ရောက်ရှိလာပြီး ဥယျာဉ်ဒေသတစ်ဝိုက်ကို ဝန်းရံပိတ်ဆို့ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ပြတိုက်တွင် ပြသထားသော ဒုံးပျံပုံတူများကို မေ ၂၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပြင်သစ်နှင့် မော်ရိုကို ပူးပေါင်းဆောင်ရွက်မည်

ရာဘတ် မေ ၂၃

ပြင်သစ်နှင့် မော်ရိုကိုနိုင်ငံတို့သည် အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်ဖြစ်ကြောင်း စနေနေ့တွင် ပြောကြားသည်။

- ပြောကြား -

အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် မိမိတို့ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း မော်ရိုကိုနိုင်ငံတောင်ပိုင်း မရာကက်ချ်မြို့၌ မော်ရိုကိုပြည်ထဲရေးဝန်ကြီး ချာကစ်ဘင်မူဆာနှင့် ဆွေးနွေးအပြီးတွင် ပြင်သစ်ပြည်ထဲရေးဝန်ကြီး နီကိုလတ်စ်ဆာကိုဇီက ပြောကြားသည်။

- အရှိန်အဟုန်မြှင့်မည် -

နှစ်နိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန် မြှင့်တင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဒေသတွင်းရှိ အကြမ်းဖက်အဖွဲ့အစည်းများကို ဖြိုဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်ဖြစ်ကြောင်း ဘင်မူဆာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်လာသူများက ပြည်ဝင်ခွင့်ဥပဒေ ပြင်ဆင်ရန် လိုလားနေ

နယူးယောက် မေ ၂၃

အမေရိကန်နိုင်ငံတွင် လူဝင်မှုကြီးကြပ်ရေးဥပဒေသစ်ကို အထက်လွှတ်တော်က လာမည့်ရက်သတ္တပတ်တွင် မဲခွဲဆုံးဖြတ်ခြင်းမပြုမီ ရက်အနည်းငယ်အလိုတွင် နယူးယောက်မြို့သူ၊ မြို့သား ထောင်ချီ၍ မြို့လယ် မန်ဟက်တန်ဒေသသို့ စုရုံးရောက်ရှိလာကြပြီး နိုင်ငံအတွင်းသို့ ဝင်ရောက်သူများ၏ အခွင့်အရေးကို အစိုးရက လေးစားရန် ဆန္ဒပြတောင်းဆိုကြသည်။

မေ ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်ကို နိုင်ငံအတွင်း ဝင်ရောက်လာသူများ၏ အခွင့်အရေးအတွက် နိုင်ငံတစ်ဝန်းတွင် လှုံ့ဆော်ရေး ကာလအဖြစ် သတ်မှတ်ထားကြရာ စနေနေ့က ချီတက်ဆန္ဒပြမှုသည် လွန်ခဲ့သည့်လအနည်းငယ်အတွင်း နိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားခဲ့သည့် ချီတက် လှုပ်ရှားမှုအသီးသီးတွင် နောက်ဆုံးလှုပ်ရှားမှုတစ်ရပ်ဖြစ်သည်ဟု နယူးယောက် ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများ ညွန့်ပေါင်းအဖွဲ့က ပြောကြားသည်။

တင်ပြ

အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်လာသူများက ပြည်ဝင်ခွင့် ဥပဒေပြင်ဆင်ရန် လိုလားနေကြပြီး လာမည့်ရက်သတ္တပတ်တွင် အထက်လွှတ်တော်၌ မဲပေး ဆုံးဖြတ်မည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူကြမ်းဥပဒေကို ဆန့်ကျင်ကြကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်ကို သမ္မတဘုရှ်အစိုးရထံသို့ ပေးပို့ခဲ့ကာ ရက်သတ္တပတ်၏ နောက်ဆုံးနေ့တွင် ချီတက်လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ ဥပဒေမဲ့ ဝင်ရောက်လာသူများကို ရှာဖွေမှုများ ပြုလုပ်နေမှု အဆုံးသတ်ရန် အဆိုပါအဖွဲ့က မေတ္တာရပ်ခံထားသည်။ အာရှနိုင်ငံများမှ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်လာသူများသည်လည်း ၎င်းတို့၏ မကျေနပ်မှုများ တင်ပြရန်အတွက် ယင်းချီတက်ပွဲတွင် ပါဝင်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်၌ ပစ်ခတ်မှုဖြစ် လူငါးဦး သေဆုံး

ဝါရှင်တန် မေ ၂၃

အမေရိကန်နိုင်ငံတောင်ပိုင်း လူဝီစီယားနား ပြည်နယ်တွင် တနင်္ဂနွေနေ့ နံနက်ပိုင်းက သေနတ်ပစ်မှုဖြစ်ပွားခဲ့သဖြင့် လူငါးဦးသေဆုံးကြောင်း ဒေသဆိုင်ရာ သတင်းမီဒီယာက ဖော်ပြသည်။

သေနတ်သမားတစ်ဦးက အဆိုပါ ပြည်နယ်၏ မြို့တော်ဘေတန်ရုဂ်မြို့ရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် သေနတ်ဖြင့် ပစ်ခတ်သဖြင့် လူလေးဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။ ယင်းနောက်တွင် သေနတ်သမားက ၎င်း၏ ဇနီးနှင့် ကလေးငယ်တို့ကို အတင်းအကျပ် ခေါ်ဆောင်ထွက်ပြေးသွားခဲ့သည်။ အဆိုပါ သေနတ်သမားမှာ အန်ထော်နီ ဘဲလ်ဆိုသူဖြစ်ပြီး တစ်နေရာအရောက်၌ ၎င်း၏ ဇနီးကို ပစ်ခတ်ခဲ့သည်။

သေနတ်သမားဖြစ်သူ ဘဲလ်မှာ ဘုရားရှိခိုးကျောင်းအနီး လူနေတိုက်ခန်းတွင် အဖမ်းခံခဲ့ရသည်။ မည်သည့်အတွက်ကြောင့် ယင်းသို့ပစ်ခတ်ခဲ့ရသည် ဆိုသည်ကို လောလောဆယ် မသိရသေးဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အရှေ့အလယ်ပိုင်းဒေသရှိ မျိုးတုံးပျောက်ကွယ်သွားနိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထားသည့် ဆာဂါခေါ် ရှားပါးဆိတ်တစ်မျိုးကို မေ ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘော့စတွန်တက္ကသိုလ်၌ ကွန်ဒိုလီဇာရိုက်စ် ဆန္ဒပြမှုနှင့် ရင်ဆိုင်ခဲ့ရ

ဘော့စတွန် မေ ၂၃

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်သည် ဘော့စတွန်တက္ကသိုလ်မှဂုဏ်ထူးဆောင်ဘွဲ့ လက်ခံရယူရာတွင် ကျောင်းသားအများစုက သူမကို ကျောခိုင်းသွားခဲ့ပြီး ဆန့်ကျင်ကန့်ကွက်သည့် လက္ခဏာများကို ပြသခဲ့ကြသည်။

ပါဝင်

ကွန်ဒိုလီဇာရိုက်စ်သည် သမ္မတဘုရှ်၏ အီရတ်ဆိုင်ရာ မူဝါဒတွင် အထင်ကရအခန်းကဏ္ဍမှ ပါဝင်သူဖြစ်သည်။

ရိုက်စ်ကို ဦးဆောင်ဟောပြောသူအဖြစ် ရွေးချယ်မှုကို ကျောင်းသူ၊ ကျောင်းသားများက ကန့်ကွက်ခဲ့ကြသည်။ လူအများစုက အီရတ်စစ်ပွဲကို ဆန့်ကျင်ကြပြီး ယင်းစစ်ပွဲသည် ဘာသာ အဆုံးအမတရားများနှင့် ဝိရောဓိဖြစ်နေသည်ဟု ပြောကြားကြသည်။

လူမှုရေးအရ ညီညွတ်မှုရှိစေရေးအတွက် မည်သို့မည်ပုံ တန်ဖိုးထားပြီး လုပ်ကိုင်ဆောင်ရွက်ရန် မိမိတို့ လေးနှစ်ကြာမျှ အချိန်ယူသင်ကြားခဲ့ရကြောင်း၊ တရားမျှတမှုမရှိသည့် စစ်ပွဲဖန်တီးစေခဲ့သည့် ဘုရှ်အစိုးရအဖွဲ့မှ အမျိုးသမီးတစ်ဦးကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်သည့်လုပ်ရပ်မှာ သည်းမခံနိုင်ဖွယ်ရာကောင်းလှကြောင်း အသက် ၂၂ နှစ်ရှိ ကျောင်းသူကီမီလီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

စင်ကာပူနိုင်ငံတွင် ရှေ့တန်းဆေးရုံများအဖြစ် အသုံးပြုရန် ပြုပြင်ပြောင်းလဲထားသည့် ကုန်သေတ္တာများကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆူနာမီရေကြောင်းပြ ဖော်ယာ မလေးရှား၌ တပ်ဆင်မည်

ကွာလာလမ်ပူ မေ ၂၃

ဆူလူပင်လယ်၌ လာမည့်လတွင် ဆူနာမီသတိပေးစနစ်အတွက် တတိယမြောက်ရေကြောင်းပြဖော်ယာကို တပ်ဆင်နိုင်မည်ဟုမလေးရှားနိုင်ငံက မျှော်မှန်းထားကြောင်း မိုးလေဝသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက မေ ၂၂ ရက်တွင် ပြောကြားသည်။

ဆူနာမီ ရေကြောင်းပြ ဖော်ယာတပ်ဆင်မည့် နေ့ရက်နှင့်နေရာ အတိအကျကို ဖိလစ်ပိုင်အစိုးရနှင့် မလေးရှားအစိုးရတို့ ယခုအချိန်အထိဆွေးနွေးလျက်ရှိသည်ဟု မလေးရှား မိုးလေဝသဌာန ညွှန်ကြားရေးမှူး ယက်ခွက်စ်ဆန်က ပြောကြားသည်။

သတိပေး

ငလျင်လှုပ်ပြီး ဆူနာမီလှိုင်း ကျရောက်မှုရှိ၊ မရှိကို ရေကြောင်းအချက်ပြဖော်ယာက မလေးရှားဆူနာမီသတိပေးရေးဗဟိုဌာနသို့ သတင်းအချက်အလက်ပေးပို့မည်ဖြစ်သည်။ထို့နောက် အဆိုပါဌာနက ဆူနာမီကနဦးသတိပေး စနစ်အရ ပြည်သူများကို အသိပေးနိုင်မည်ဖြစ်သည်ဟု ၎င်းက ပြောဆိုသည်။

ဆူနာမီသတိပေးစနစ်အရ ၁၅မိနစ်အတွင်း ပြည်သူများထံသတင်းရောက်ရှိမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယ နိုင်ငံ လာ ဟို မြို့တွင် အပူဒဏ်ခံစားနေရရာ ရေအိုင်ငယ် တစ်ခုအတွင်း ရေချိုးဆင်းနေသည့် ခိုနှစ် ကောင် ကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်မှ နော့တင်ဟမ်မြို့ အန္တရာယ်အရှိဆုံး မြို့ဟုဆို

လန်ဒန် မေ ၂၃

နော့တင်ဟမ်မြို့သည် အင်္ဂလန်နှင့် ဝေလပြည်နယ်တို့တွင် အန္တရာယ်အကြီးဆုံးသော ဒေသဖြစ်နေပြီး လုံခြုံမှုအရှိဆုံးသော မြို့များဖြစ်သည့် ဆောက်သင်နှင့် ပူးလီမြို့တို့ထက် ရာဇဝတ်မှုနှုန်း လေးဆပိုမိုများပြားကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် လေ့လာချက်စာတမ်းတစ်ရပ်အရ သိရှိရသည်။

နော့တင်ဟမ်မြို့တွင် ၂၀၀၅ ခုနှစ်အတွင်း လူ ၁၀၀၀ လျှင် ၁၁၅ ဦးနှုန်း ရာဇဝတ်မှု ကျူးလွန်ခဲ့ပြီး ဆောက်သင်၊ အက်ဆက်မြို့တို့တွင် လူ ၁၀၀၀ လျှင် ရာဇဝတ်မှု ကြုံရမှု ၃၀ နှင့် ပူးလီနှင့် ဒေါ်ဆက်မြို့တို့တွင် လူ ၁၀၀၀ လျှင် ၃၂ ဦးနှုန်းသာရှိခဲ့သည်ကို ပြည်သူ့အကြံပေးအဖွဲ့၏ စာတမ်းအရ သိရသည်။

နော့ တင်ဟမ်မြို့သည် ယင်းနှင့် အရွယ်အစားတူဖြစ်သည့် အခြားမြို့များဖြစ်သော ဝူးဗာဟင့်တမ်မြို့နှင့် ရီဒင်မြို့တို့ထက် ရာဇဝတ်ပြစ်မှု ဖြစ်ပွားမှုနှုန်း ပိုမိုမြင့်မားလျက်ရှိသည်။

လူတစ်သိန်းကျော်ရှိသည့် မြို့ပြများတွင် လူသတ်မှု၊ ခိုးမှု၊ မုဒိမ်းမှု၊ ဖောက်ထွင်းမှု၊ မော်တော်ယာဉ် ဆိုင်ရာပြစ်မှု၊ လက်နက်မှုနှင့် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုစသည့် ပြစ်မှုအမျိုးအစားများအပေါ် အခြေခံ၍ ယင်းလေ့လာချက်ကို ပြုစုခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ခုနစ်နှစ်အရွယ်ကလေးက ၁ ဒသမ ၄ မိုင်ခရီးကို တစ်နာရီပြင့်ရေကူးနိုင်

ဆန်ဖရန်စစ္စကို မေ ၂၃

အမေရိကန်နိုင်ငံမှ အသက်ခုနစ်နှစ်အရွယ် ယောက်ျားလေးတစ်ဦးသည် တနင်္လာနေ့တွင် အယ်လ်ကာထရက်ဇ်ကျွန်းမှ ဆန်ဖရန်စစ္စကိုဒေသကမ်းခြေအထိ တစ်နာရီပင်မပြည့်သည့်အချိန်အတွင်း ရေကူးနိုင်သည့်စံချိန်ကို တင်လိုက်သည်။

၎င်းသည်အရီဇိုးနားပြည်နယ်မှ ဘရက်ဇ်တန်ဘီလ်ဘရေးဖြစ်ပြီး ၁ ဒသမ ၄ မိုင် (၂ဒသမ၂၅ကီလိုမီတာ) အကွာအဝေးရှိသည့် ခရီးတာကို ဆန်ဖရန်စစ္စကို ပင်လယ်အော်ရေပြင်ကို ဖြတ်သန်း၍ ကူးခတ်ခဲ့ရာ ၎င်း၏နောက်မှ နည်းပြဆရာနှင့် အခြားလူကြီးနှစ်ဦးတို့ လိုက်ပါခဲ့ကြသည်။ အဆိုပါရေပြင်၏ အပူချိန်သည် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့် (ဆဲလ်စီးယပ် ၁၂ ဒသမ ၈ ဒီဂရီ) ရှိသည်။

အယ်လ်ကာထရက်ဇ်ကျွန်းသည် လုံခြုံမှုအတင်းကျပ်ဆုံး အကျဉ်းထောင်တစ်ခုတည်ရှိခဲ့ရာ ကျွန်းဖြစ်သည်။ ယင်းအကျဉ်းထောင်ကို ၁၉၆၃ ခုနှစ်တွင် ပိတ်ပစ်ခဲ့ပြီး ယခုအခါ အပန်းဖြေသည့်ကျွန်းအဖြစ် တည်ရှိနေသည်။

ဘရက်ဇ်တန်ဘီလ်သည် ပင်လယ်အော်ရေပြင်ကိုဖြတ်၍ ရေကူးရန်အတွက် ရက်သတ္တတစ်ပတ်လျှင် လေးရက်၊ တစ်ရက်လျှင် နှစ်နာရီနှုန်းဖြင့် လေ့ကျင့်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဧဝရက်တောင်ပေါ်မှအဆင်း တောင်တက်သမားသုံးဦးသေဆုံး

လာဆာ မေ ၂၃

ရုရှား၊ ပြင်သစ်နှင့် ဘရာဇီးနိုင်ငံတို့မှတောင်တက်သမားသုံးဦးသည် ကမ္ဘာ့အမြင့်ဆုံးတောင် ဧဝရက်မှအဆင်း လမ်းခရီးတွင် သေဆုံးခဲ့ကြကြောင်း တရုတ်-တိဘက်တောင်တက်အသင်းသတင်းရပ်ကွက်က တနင်္လာနေ့တွင်ပြောကြားသည်။

အသက်၅၄နှစ်ရှိ ရုရှားတောင်တက်သမား ပလိုင်ရုရှ ကင်သည် ဧဝရက်တောင်မှအဆင်း ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၇၈၀၀ နေရာသို့ အရောက် နေမကောင်းဖြစ်ပြီး တနင်္လာနေ့တွင် သေဆုံးခဲ့သည်ဟု ဖော်ပြပါ အသင်း၏ အတွင်းရေးမှူးချုပ် ဇန်မင်ကျင်းက ပြောကြားသည်။

အသက်၃၉နှစ်ရှိ ဘရာဇီးနိုင်ငံသား ဗီအော်နီဂရက်တီနှင့် မည်သူမည်ဝါမှန်းမသိရသော ပြင်သစ်နိုင်ငံသား တောင်တက်သမားနှစ်ဦးသည်တောင်မှ အဆင်း ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၈၆၀၀ အမြင့်ရှိ နေရာအရောက်နာမကျန်းဖြစ်လာကြကြောင်း၊ ၎င်းတို့နှစ်ဦးသည်တောင်ပေါ်မှ သီးခြားဆင်းခဲ့ကြခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ပေကျင်းရှိ ၎င်းတို့၏ သက်ဆိုင်ရာ သံရုံးများထံ သတင်းပေးပို့ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မေလသည် ဧဝရက်တောင်တက်သူများဖြင့် အစည်ကားဆုံးကာလ ဖြစ်သော်လည်း ရာသီဥတု အခြေအနေဆိုးရွားချိန်၌ တောင်တက်သမားများ အန္တရာယ်နှင့် တွေ့ကြုံရနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျပန်နိုင်ငံ ကာဆီယိုကုမ္ပဏီမှ ထုတ်လုပ်သည့် ဒီဂျစ်တယ် ကင်မရာ အမျိုးအစားသစ်များကို မေ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဟွမ်ဆန်းတောင်ပေါ်မှ ထင်းရှူးပင် ကိုဖီအာနန်က အမည်ပေး

ပေကျင်း မေ ၂၃

တရုတ်နိုင်ငံ၏ အရှေ့ပိုင်းရှိ နာမည်ကျော်အပန်းဖြေစခန်း တည်ရှိရာ ဟွမ်ဆန်းတောင်ပေါ်တွင်ပေါက်ရောက်နေသည့် ထင်းရှူးပင်ကို တရုတ်နိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ထီးထင်းရှူးပင် ဟူ၍ တနင်္ဂနွေနေ့တွင် အမည်နာမပေးလိုက်သည်။

ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားသော ဟွမ်ဆန်းတောင်အပန်းဖြေစခန်းနှင့် ယင်းစခန်းအနီးရှိ ဇီဒီကျေးရွာတို့သို့ ကိုဖီအာနန်က သွားရောက်လည်ပတ်ခဲ့သည်။

ဟွမ်ဆန်းတောင်ပေါ်တွင် ထင်းရှူးပင် အရေအတွက်အားဖြင့် သိန်းနှင့်ချီ၍ ပေါက်ရောက်လျက်ရှိသည်ဟု ကိုဖီအာနန်နှင့် အတူလိုက်ပါလာသည့် ခရီးလမ်းညွှန်တစ်ဦးက ပြောကြားသည်။ သို့ရာတွင် ထင်းရှူးပင်တစ်ပင်နှစ်ပင်ခန့်ကိုသာ နာမည်ပေးထားရသေးကြောင်း ၎င်းကပြောကြားသည်။

အဆိုပါတောင်တန်း၏ လမ်းတစ်လျှောက်ပေါက်ရောက်နေသည့် ထီးကဲ့သို့ သဏ္ဌာန်ရှိသော ထင်းရှူးပင်ကို ကိုဖီအာနန်က ရပ်ကြည့်ပြီး ယင်းထင်းရှူးပင်များကို ထီးထင်းရှူးဟု အမည်ပေးရန်အကြံပြုခဲ့သည်။ဟွမ်ဆန်းမြို့တော်ဝန်လီဟောင်မင်းက ဝမ်းသာအားရဖြင့် ကိုဖီအာနန်၏ အမည်ပေးမှုကို လက်ခံခဲ့သည်။

ယင်းတောင်မှ ထွက်ခွာခါနီးတွင် ကိုဖီအာနန်က စာရွက်ပေါ်တွင်ထင်းရှူးပင်၏ နာမည်ကို ရေးသားလိုက်ပြီး လက်မှတ်ရေးထိုးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

အမှာစကားပြောကြား

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌွေးဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရန်ကင်း ပညာရေးကောလိပ်၏ မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ထူးချွန်ဆုများကို ချီးမြှင့်ရာ ခရိုင်အဆင့် လုပ်ရှားမှုဘက်စုံ ထူးချွန်ဆုရရှိသော ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ဂုဏ်ပြုဆုရရှိကြသည့် ခရိုင်များ၊ ဘက်စုံလှုပ်ရှားမှု ထူးချွန်ဆုရမြို့နယ်များ၊ ပညာရေးထူးချွန်ဆု၊ ကျန်းမာရေး ထူးချွန်ဆု၊ စီးပွားရေး၊ လူမှုရေးနှင့် သားဖွားခန်းထူးချွန်ဆုများနှင့် အဆောက် အအုံသစ် ဖွင့်လှစ်နိုင်မှုဆုများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အတွင်းရေးမှူး ဒေါက်တာလှမြင့်တို့က ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးများက ၂၀၀၅ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း ၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က ၂၀၀၆ခုနှစ်အတွင်း ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် ခန်းမအပြင်၌ ပြသထားသော ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ထူးချွန်ဆု ရသော ခရိုင်နှင့်မြို့နယ်များကို ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆေးလိပ်နှင့် ဆေးရွက်ကြီးအကြောင်း သိကောင်းစရာ မြို့နယ်အဆင့် ဆင့်ပွားပညာပေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၂၄

၂၀၀၆ ခုနှစ် မေ ၃၁ရက်တွင်ကျရောက်သော ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီး အကြောင်း သိကောင်းစရာ မြို့နယ်အဆင့် ဆင့်ပွားပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အလုံမြို့နယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အလုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မိမိမော်က နှုတ်ခွန်းဆက် စကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာရီရီမြင့်က ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ်၊ ဆေးလိပ်နှင့် ကျန်းမာရေး၊ ဆေးလိပ်ကြောင့်ဖြစ်တတ်သောရောဂါများ၊ ဆေးလိပ်အန္တရာယ်နှင့် ကိုယ်ဝန်ဆောင်မိခင်အကြောင်းများကို ပညာပေးဆွေးနွေးပို့ချ၍ အမျိုးသမီး ၅၀ တို့က ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်နှင့်ပတ်သက်၍ ဗဟုသုတမေးခွန်းများကို ဖြေဆိုကြသည်။ (သတင်းစဉ်)

အစည်းအဝေးတက်ရန် ပြည်ပသို့ ထွက်ခွာ

ရန်ကုန် မေ ၂၄

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ မေ ၂၅ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပမည့် 10th Meeting of Energy Efficiency and Conservation Sub-Sector Network (EE & CSSN) အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ အထွေထွေ အတွင်းရေးမှူး ဦးဝင်းခိုင်နှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဗဟိုကော်မတီဝင် ဦးအုန်းမြင့်တို့သည် ယမန်နေ့တွင် ရန်ကုန်မြို့မှ လေကြောင်း ခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းခိုင်သည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၌ ဇွန် ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည့် 4th Meeting of Board of Judges for ASEAN Renewable Energy Project Competition အစည်းအဝေးသို့ ဆက်လက်တက်ရောက်မည် ဖြစ်သည်။

ဦးဝင်းခိုင်နှင့် ဦးအုန်းမြင့်တို့အား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုတို့က ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

၂၀၀၆–၂၀၀၇ ပညာသင်နှစ်

ကျောင်းအပ်နှံရေး သီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍ ကျောင်းသုံး ဖတ်စာအုပ်များကို ကျောင်းများတွင် ရောင်းချပေးမည်။

ပညာရေးဝန်ကြီးဌာန



ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သင်တန်းများဖွင့်ပွဲကျင်းပ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက် အင်ဂျင်နီယာ(မြို့ပြ)မွမ်းမံသင်တန်းဆင်းပွဲနှင့် လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) မွမ်းမံသင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂(ရေသန့်) မွမ်းမံသင်တန်းနှင့် ပညာသည်-၅ သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း သုဝဏ္ဏသင်တန်းခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့်ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သုဝဏ္ဏဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သင်တန်းဆရာများနှင့် သင်တန်းသား ၉၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။ (သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) မွမ်းမံ သင်တန်းဆင်းပွဲနှင့် လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) မွမ်းမံသင်တန်း၊ အငယ်တန်း အင်ဂျင်နီယာ-၂ (ရေသန့်) မွမ်းမံ သင်တန်းနှင့် ပညာသည်-၅ သင်တန်းများ ဖွင့်ပွဲတွင် အမှာ စကားပြောကြားစဉ်။

(ဆောက်လုပ်ရေး)

အောင်ပွဲရ မြန်မာဘိလိယက် အားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၄

၂၀၀၆ခုနှစ် မေ ၁၃ရက်မှ ၂၀ရက်အထိ အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှဘိလိယက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ အလုပ်အမှုဆောင် ဒေါက်တာမင်းနိုင် (နည်းပြ/အုပ်ချုပ်)ပါဝင်သည့် အောင်ပွဲရ မြန်မာဘိလိယက် အားကစားအဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဆိုပါ အောင်ပွဲရ မြန်မာဘိလိယက် အားကစားအဖွဲ့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးမြင့်၊ အတွင်းရေးမှူး ဦးဝင်းမြင့်မြတ်နှင့် အမှုဆောင်များ၊ မြန်မာ့လက်ရွေးစင် အားကစားမောင်မယ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက မြန်မာ့လက်ရွေးစင် အားကစားမောင်မယ်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဂုဏ်ပြုပန်းစည်းများပေးအပ်၍ ကြိုဆိုနှုတ်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အောင်ပွဲရ မြန်မာဘိလိယက် အားကစားအဖွဲ့တွင် အောင်ဆန်းဦးက (၅)ကြိမ်မြောက် အာရှဘိလိယက် တစ်ဦးချင်း ချန်ပီယံ ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ကျော်ဦးက တတိယ ကြေးတံဆိပ်ဆုကို လည်းကောင်း ဆွတ်ခူးရရှိခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်/ တိုင်း/ ခရိုင်ရုံးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမြန်မာ့အာမခံလုပ်ငန်း၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်ပြည်နယ်/တိုင်း/ခရိုင်ရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉နာရီခွဲတွင် ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်/တိုင်း/ခရိုင်ရုံးများမှ တာဝန်ခံအရာရှိများ၊ ရုံးချုပ်ရှိ ဌာနအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်/တိုင်း/ခရိုင်ရုံးများမှ တာဝန်ခံအရာရှိများက လုပ်ငန်းအစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။ (သတင်းစဉ်)

မြန်မာ့အာမခံ လုပ်ငန်း၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ပြည်နယ်/တိုင်း/ခရိုင်ရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးသိန်းလွင် အမှာစကားပြောကြားစဉ်။

(မြန်မာ့အာမခံ)

ဟင်းသီးဟင်းရွက်စားသောက်ခရာ အန္တရာယ်ကင်းဖို့သတိပြုလိုက်နာ

လူတို့ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် နေ့စဉ်စားသောက်သည့် အစားအစာများတွင် ရောဂါကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များနှင့် သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကိုပါ စားသုံးရန် လိုအပ်ပါသည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများ စားသုံးရာတွင် သဘာဝအတိုင်း မဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ စသည့် ဓာတုပစ္စည်းများပါဝင်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာ၍ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်း လျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ ကင်ဆာရောဂါများဖြစ်ပွားခြင်း စသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။

သို့ပါ၍ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများစားသုံးရာတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးန္တရာယ်ကင်းရှင်းစေရန် အတွက် အောက်ပါအချက်များကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

လိုက်နာရမည့်အချက်များ

၁။ သဘာဝအတိုင်း စိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးပါ။

၂။ ဓာတုဆေးများအသုံးပြု၍ ဝါဝင်းနေအောင်ပြုလုပ်ထားသော သစ်သီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

၃။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင်အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ၊ အစားအသောက်များထဲတွင် မပါဝင်စေရန် ဟင်းသီးဟင်းရွက်များကို မလှီးမဖြတ်ခင် ရေသန့်သန့်နှင့် စင်ကြယ်စွာဆေးကြောပါ။

၄။ ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်စားသောက်ပါ။

၅။ အစိမ်းစားမည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရေသန့်သန့်ဖြင့် အထပ်ထပ်ဆေးပြီးမှ စားသုံးပါ။

ကျန်းမာရေးဝန်ကြီးဌာန

အင်တာနက်သတင်း

ဖိလစ်ပိုင်နိုင်ငံတွင် သတင်းသမားများကို လက်နက်ကိုင်ဆောင်ခွင့် ပေးရန် စဉ်းစားနေ

မနီလာ မေ ၂၄

ဖိလစ်ပိုင်နိုင်ငံတွင် သတင်းသမားများ မကြာခဏ ပစ်ခတ်တိုက်ခိုက်လုပ်ကြံခံနေရသော ဖြစ်ရပ်များ ပေါ်ပေါက်နေသည့်အတွက် အာဏာပိုင်များက သတင်းသမားများ မိမိကိုယ်မိမိကာကွယ်နိုင်ရန် သေနတ်ကိုင်ဆောင်ခွင့်ပြုရေး စဉ်းစားနေကြောင်း တရားရေးဝန်ကြီး ရာအူးဂွန်ဇာလေ့က မေ ၂၃ ရက်တွင် ပြောကြားသည်။

ဖော်ပြပါ အဆိုပြုချက်ကို ယခုအခါ ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် စဉ်းစားနေပြီဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် မေ ၂၂ ရက်က သတင်းသမားတစ်ဦး လုပ်ကြံခံခဲ့ရပြန်သည်။ ၎င်းသည် ယခုနှစ်အတွင်း ပဥ္စမမြောက် လုပ်ကြံခံရသော စာနယ်ဇင်းသမားဖြစ်သည်။

သတင်းသမားအားလုံးကို မည်သူမည်ဝါမှန်းမသိရသော လျှို့ဝှက်သေနတ်သမားများက ပစ်သတ်နေခြင်းဖြစ်သည်။ **အင်တာနက်။**

ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးဖမ်းဆီးခြင်းမပြုရန် တားမြစ်နေရာများ ထုတ်ပြန်

ရန်ကုန် မေ ၂၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါး၊ ပုစွန်၊ သယံဇာတများ မျိုးမပြုန်းတီးစေရန်အတွက် ထိန်းသိမ်းရန်အလို့ငှာ ငါး၊ ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အောက်ပါတည်နေရာများအတွင်း ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် ညွှန်ကြားချက်အမှတ်(၂/၂၀၀၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်-

ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်ထားသည့်နေရာများမှာ-

ရခိုင် ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ်အတွင်း (ငါးဖမ်းကွက်အမှတ်အေ-၂၀)ရှိ ငါးလုပ်ငန်းရေပြင်။

ဧရာဝတီ ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ်-ဘီ-၁၅၊ဘီ-၂၀) (ငါးဖမ်းကွက်အမှတ်-စီ-၃ နှင့် စီ-၄ တွင် ကမ်းခြေမှ ၁၀ မိုင် ကမ်းနီးဒေသအတွင်း)ရှိ ငါးလုပ်ငန်းရေပြင်။

မွန်နှင့်တနင်္သာရီ ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ်အတွင်း (ငါးဖမ်းကွက်အမှတ်-ဒီ-၂၃၊ ဒီ-၂၈တွင် မြောက်မော့စကော့ကျွန်းနှင့် အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သော မျဉ်းဖြောင့်၏ အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ်-အီး-၁၁၊ အီး-၁၇) ရှိ ငါးလုပ်ငန်းရေပြင်။

သို့ဖြစ်ပါ၍ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါး၊ ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း ဖော်ပြပါတည်နေရာများ၌ ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေး ကြေညာထားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

မြန်မာအမျိုးသမီးများနေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ အထွေထွေအတွင်းရေးမှူးနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ယင်းနောက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက "မြန်မာအမျိုးသမီးများနေ့" အထိမ်းအမှတ် အကြိုလှုပ်ရှားမှုလုပ်ငန်းစီမံချက်နှင့် "မြန်မာအမျိုးသမီးများနေ့" အခမ်းအနားကျင်းပရေး စီမံချက်တို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု အဖွဲ့များဖြစ်ကြသည့် အမျိုးသမီးရေးရာမဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့၊ တေးသီချင်း၊ ပညာပေးရုပ်မြင်သံကြားဇာတ်လမ်း၊ ဆွေးနွေးခန်းများ ထုတ်လွှင့်ရေးအဖွဲ့၊ သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာ၊ ဆောင်ပုဒ်များအား နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြရေးအဖွဲ့၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊ စာတမ်းဖတ်ပွဲ အခမ်းအနားဖြစ်မြောက်ရေးနှင့် ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊ စကားရည်လုပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်ပြပွဲ ကျင်းပရေးအဖွဲ့၊ မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်များ စိုက်ထူရေးအဖွဲ့၊ မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲကျင်းပရေးအဖွဲ့နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပရေး အထောက်အကူပြု အဖွဲ့များဖြစ်ကြသည့် ဖိတ်ကြားရေးနှင့် အခမ်းအနားဖြစ်မြောက်ရေးအဖွဲ့၊ အခမ်းအနားပြင်ဆင်ရေးအဖွဲ့၊ အခမ်းအနား ကြိုဆိုနေရာချထားရေးအဖွဲ့၊ အခမ်းအနားဧည့်ခံကျွေးမွေးရေးအဖွဲ့၊ သယ်ယူပို့ဆောင်ရေးအဖွဲ့၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၊ ဆုချီးမြှင့်ရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ ဓာတ်ပုံပြကွက် ခင်းကျင်းပြသရေးအဖွဲ့နှင့် မိန့်ခွန်းပြုစုရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးအကြံပြု

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြု၍ ဆုံးဖြတ်အတည်ပြုကြကာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ဒါရိုက်တာအဖွဲ့ဝင် ဦးကြေးက လုပ်ငန်းကြီးပြီးစီးမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းပြီးစီးမှု၊ ရွှေ့လျားလှေကားများ တက်ဆင်းနေမှုနှင့် စီမံကိန်းအတွက် လိုအပ်သည့် ပြည်ပမှ မှာယူရောက်ရှိပြီးသော ပစ္စည်းများ စုဆောင်းထားရှိမှု၊ ဆက်လက်လုပ်ဆောင်နေသော အစီအမံများကို ဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက စီမံကိန်းလုပ်ငန်းကြီး သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် နိုင်ငံတကာအဆင့်မီ လေဆိပ်ကြီးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၆)

World No-Tobacco Day
(31-5-2006)

**"ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား၊
အသက်အန္တရာယ်သတိထား
တွန်းလှန်နိုင်ဖို့ ဒို့ကြိုးစား"**

Tobacco;deadly in any form or disguise

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ်နေ ဒေါက်တာမင်းသူ-ဒေါ်သီသီနွယ်၊ သမီး မမျိုးသဉ္ဇာမင်းသူ၊ သား မောင်ဇင်ထူးလှိုင်၏ (၂)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မေလဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၈ရက် (တနင်္ဂနွေနေ့)နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း (၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ (သတင်းစဉ်)

တာဝန်ရှိသူများက ကျောင်းဖွင့်ချိန်၌ ကျောင်းအပ်နှံသည်နှင့်အတူ ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိနေပြီဖြစ်ကြောင်း အသိပေးကြေညာ

ဖတ်စာအုပ်များမှ

ကျောင်းသားများကျောင်းအပ်ချိန်မှစ၍ ကျောင်းသားများလက်ဝယ်သို့ ရောက်ရှိအောင် စီမံဆောင်ရွက်ထားကြောင်း၊ပြီးခဲ့သည့်နှစ်က အတွေ့အကြုံအရ အချို့သောနေရာများသို့ ဖတ်စာအုပ်များ အချိန်မီမရောက်ရှိသည့် အခြေအနေများ ရှိထားသဖြင့် ယင်းကဲ့သို့မဖြစ်ပေါ်စေရန် အထူးသတိထား ဆောင်ရွက်သွားကြစေလိုကြောင်း၊ ဖတ်စာအုပ်များကို ဖြန့်ချိရာဌာနများက ကျောင်းသားများလက်ဝယ်သို့ အချိန်မီ လွယ်လွယ်ကူကူ၊ ဈေးနှုန်းမှန်မှန်ဖြင့် ရောက်ရှိရေးဖြန့်ချိသွားရန်အရေးကြီးကြောင်း။

ဖတ်စာအုပ်များကို ကျောင်းသားများလက်ဝယ်သို့ ကျောင်းအပ်နှံချိန်တွင် စတင်ဖြန့်ဝေပြီးအားလုံးကို ဇွန်လအတွင်း အပြီးဖြန့်ဝေရန် ဖြစ်ကြောင်း၊ ဖြန့်ဝေပြီးစီးမှုကို ဖြန့်ချိရေးကော်မတီမှ ဇွန်လကုန်တွင် ပြန်လည်တင်ပြပေးရန်လိုအပ်ကြောင်း၊ ဖတ်စာအုပ်များကို ဖြန့်ဝေသည့်ကိစ္စတွင် ဖြန့်ချိရာဌာနမှကျောင်းသားများထံ လက်ဝယ်ရောက်ရှိရေး ဆောင်ရွက်ရာ၌ အခက်အခဲများကြုံတွေ့နိုင်သဖြင့် ယင်းအခက်အခဲများကို ပြေလည်အောင် ဖြေရှင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲများကိုလည်း တင်ပြကြစေလိုကြောင်း။

အသိပေးကြေညာ

သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ကျောင်းဖွင့်ချိန်၌ ကျောင်းအပ်နှံသည်နှင့်အတူ ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိနေပြီဖြစ်ကြောင်းကို ကျောင်းသားများသို့အသိပေးကြေညာခြင်းများ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် လာမည့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရာတွင် အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ဖတ်စာအုပ်များ ကျောင်းသားများလက်ဝယ်သို့ ကျောင်းဖွင့်ချိန်အမီ လွယ်လွယ်ကူကူနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် ရောက်ရှိစေရန်၊ ဖတ်စာအုပ်များကို နိုင်ငံတော်ပုံနှိပ်စက်များဖြင့် ရိုက်နှိပ်သွားရန်၊ လက်ဆင့်ကမ်းဖြန့်ဝေနိုင်ရေးဆောင်ရွက်ပြီး ခြိုးခြံချွေတာရေးမူအရ လိုအပ်သလောက်သာ ပုံနှိပ်ရေးစီစဉ်ဆောင်ရွက်သွားရန်တို့ ဖြစ်ကြောင်း၊ ထို့ပြင်ပညာရေးဝန်ကြီးဌာနက ဖတ်စာအုပ်များမှာကြားသည့် အရေအတွက်ကို ရိုက်နှိပ်ရာတွင် ဒေသအလိုက်လိုအပ်ချက်နှင့်အညီ နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးတို့ရှိ နိုင်ငံတော်ပုံနှိပ်စက်များဖြင့် အရေအတွက်ခွဲဝေရိုက်နှိပ်သွားရမည်ဖြစ်ကြောင်း၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ဖတ်စာအုပ်များကို ၂၀၀၇ခုနှစ် မတ်လအလယ်တွင် ပုံနှိပ်ပြီးစီးရန် လျာထားပြီး ဧပြီလကုန်ပိုင်းတွင် ဖြန့်ချိရာဌာနများသို့ အရောက်ပေးပို့သွားမည်ဖြစ်ရာ လုပ်ငန်းလျာထားချက်အတိုင်း ချောမောအောင်မြင်စွာပြီးစီးစေရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အထောက်အကူပြုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် အရေးကြီးကြောင်းစသည်ဖြင့် ပြောကြားသွားသည်။

ဖတ်ကြားတင်ပြ

ထို့နောက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီအတွင်းရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ၂၀၀၅ ခုနှစ် အောက်တိုဘာလ၌ ကျင်းပခဲ့သော အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

အသေးစိတ်ရှင်းလင်း

ယင်းနောက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းတို့က ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေမှုနှင့် ဖြန့်ချိမှုများနှင့်စပ်လျဉ်း၍ ဆပ်ကော်မတီ အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်း တင်ပြကြသည်။

ထို့နောက်ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပညာရေးမှ

အသက်(၃၀)ထက်မကြီးသူဖြစ်ရမည်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်း ပညာရေးတက္ကသိုလ်(မန္တလေးဌာနခွဲ)တို့၌ သင်တန်းတက်ရမည်၊ မြန်မာနိုင်ငံအတွင်း ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊ လုပ်သက် တစ်ဆက်တည်း အနည်းဆုံးငါးနှစ်တာဝန်ထမ်းဆောင်နိုင်ရမည်၊ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ရက်မှစ၍ တစ်လသင်တန်းတက်ရောက်ရမည်ဖြစ်သည်။

သင်တန်းတက်ရောက်အောင်မြင်သူများကို အခြေခံပညာကျောင်းများ၌ အထက်တန်းပြအဖြစ် ခန့်ထားပေးမည်ဖြစ်ပြီး လုပ်သက်အရ ပညာရေးဘွဲ့ (B.Ed)သင်တန်းဆက်လက် တက်ရောက်ခွင့်ပြုမည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းသင်တန်းဝင်ခွင့်လျှောက်ထားသူများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများ၌ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံရယူ၍ ကိုယ်တိုင်ရေးသားဖြည့်သွင်းထားသော လျှောက်လွှာ သုံးစုံကို ခြောက်လအတွင်းရိုက်ကူးထားသည့်ပတ်(စ်)ပို့အရွယ် ဓာတ်ပုံကပ်၍ ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်လက်မှတ်မိတ္တူ၊ မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကိုယ်တိုင်ဝန်ခံချက်နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရဲတပ်ဖွဲ့စခန်းတို့၏ ထောက်ခံချက်များဖြင့် ၂၀၀၆ ခုနှစ် ဇွန် ၉ ရက်ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများသို့ ပေးပို့တင်သွင်းရမည်ဖြစ်သည်။

လျှောက်ထားသူများ သင်တန်းဝင်ခွင့်စာမေးပွဲ အတွက် ဇွန် ၁၄ ရက် နံနက် ၉ နာရီတွင် ဘာသာရပ်ဆိုင်ရာ ရေးဖြေစာမေးပွဲနှင့် မွန်းလွဲ ၂နာရီတွင် အထွေထွေဗဟုသုတဆိုင်ရာ ရေးဖြေစာမေးပွဲများ ကျင်းပစစ်ဆေးမည်ဖြစ်ပြီး ဇွန် ၁၇ရက်မှစ၍ ဘာသာရပ်အလိုက် လူတွေ့နှုတ်ဖြေ စစ်ဆေးမည်ဖြစ်သည်။

အဆိုပါ ရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးမည့် တက္ကသိုလ်ကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံး၌ ကြေညာထားကြောင်းနှင့် ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာမိမိတို့ ပြည်နယ်/တိုင်း(သို့မဟုတ်) မြို့နယ်အဆင့်ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

စေတနာရှင် အလှူရှင်များအား ဂုဏ်ပြု

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းက ဦးဆောင်သည့် မွန်ပြည်နယ် အစင်ကျေးရွာ၊ လမိုင်းကျေးရွာ၊ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသ၊ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး-မူဆယ် လမ်းတစ်လျှောက် ကျေးရွာပေါင်း ၃၀ နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ် တပ်ဦးကျေးရွာတို့သို့ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးကုသရေးခရီးစဉ်များ၌ လိုက်ပါကုသပေးကြသည့် မေတ္တာရှင် ဆရာဝန်ကြီးများနှင့် ကူညီပံ့ပိုးကြသည့် စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်က ကြိုဆိုဂုဏ်ပြုစကားပြောကြားပြီး**(အောက်ပုံ)** UNDPနှင့် UNODC တို့မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ အသင်း၏ ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဆရာဝန်ကြီးဒေါက်တာအောင်ခင်က ပြည်နယ်များသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်ကုသမှု အတွေ့အကြုံများကို ဆလိုက်များဖြင့် ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)



အာဏာမက်မောမှ

ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် NLD ပါတီမှ နုတ်ထွက်သူများ တက်ရောက်ကြပြီး ဖားကန့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ကိုက သဘာပတိအဖြစ် ဆောင်ရွက်၍ ဖားကန့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တွဲဖက်တာဝန်ခံ ဦးခိုင်မိုးဦး(ခေါ်) မဟူရာက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် နုတ်ထွက်လွှာပေးအပ်သူ ၄၃ ဦး၏ကိုယ်စား ဖားကန့်မြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးချစ်ထွေးက နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားရာတွင် NLD ပါတီသည် ပါတီကောင်းစားရေး၊ အာဏာရရှိရေး၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့်မူတစ်ခုတည်းကို ဦးတည်ပြီး အဖျက်အမှောင့်လုပ်ရပ်ကိုလုပ်ဆောင်နေမှုကြောင့် ပါတီအပေါ်စိတ်ပျက်ပြီး စိတ်ဝင်စားမှုတစ်နေ့တခြား လျော့နည်းလာကြောင်း၊ တိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်အစိုးရနှင့်အတူ သဘောထားညီညီ နိုင်ငံတော်ဖွံ့ဖြိုးရေး၊ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အမျိုးသားရေးသက်သက်ကိုသာ နေ့မအားညမနား ဦးတည်ဆောင်ရွက်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရကြောင်း၊ ထို့ကြောင့် အမျိုးသား နိုင်ငံရေးသက်သက်ကိုသာ စိတ်ဝင်စားလာပြီး ပါတီနိုင်ငံရေးကိုစိတ်ဝင်စားမှု လုံးဝ မရှိတော့ကြောင်း၊ ၎င်းတို့သည် နိုင်ငံရေးကို သန့်သန့်ရှင်းရှင်း ဆောင်ရွက်ပြီး ဒေသခံ ပြည်သူလူထု၏အကျိုးစီးပွားကို ထိရောက်စွာဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် NLD ပါတီသို့ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အသက်သွေးကြောဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီး စတင်ကျင်းပစဉ်က NLD ပါတီက တက်ရောက်ဆွေးနွေးခဲ့ကြောင်း၊ သို့ရာတွင် NLDပါတီသည် ပါတီကောင်းစားရေးတစ်ခုတည်းကိုသာကြည့်ပြီး ကြိုးကိုင်ခြယ်လှယ် တောင်းဆိုမှုများ မရသည့်အတွက် အမျိုးသားရေးကိုမကြည့်ဘဲ ညီလာခံကို ကျောခိုင်းခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်တွင် အမျိုးသားညီလာခံ ပြန်လည်ကျင်းပစဉ် NLD ပါတီအား တက်ရောက်ရန် နိုင်ငံတော်အစိုးရက ဖိတ်ကြားခဲ့သော်လည်း NLD ပါတီသည် တက်ရောက်ခြင်းမရှိကြောင်း၊ ပါတီတစ်ခုလူတစ်စု ကောင်းစားရေးအတွက် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကိုဆန့်ကျင်သည့် အဖျက်အမှောင့်လုပ်ရပ်များကို ပြည်ပ နိုင်ငံအချို့နှင့် မြေပေါ်မြေအောက် အဖျက်သမားများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး မူဝါဒကြောင့် ယခုအခါ ကချင်ပြည်နယ်အပါအဝင် နိုင်ငံတော် တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုကို လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း၊ အာဏာမက်မောပြီး အာဏာရရှိရေးကို အဓိကထား ကိုယ်ကျိုးအတ္တကြီးမားသည့် NLD ပါတီအပေါ် လုံးဝစိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ NLDပါတီမှ နုတ်ထွက်သူ ၄၃ ဦးကိုယ်စား ဖားကန့်မြို့ အေးမြသာယာရပ်ကွက်နေ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင် ဦးမုန်လင်က နုတ်ထွက်လွှာများကို ဖားကန့်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံပေးအပ်ပြီး အခမ်းအနားကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကျောဖုံးမှ

ကြာသပတေးနေ့က ဂျာမန်ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။ ပြုတ်ထွက်သွားသောလေယာဉ်ပေါင်းမိုးသည်ဂျာမနီအနောက်ပိုင်း မူစတာဒေသရှိ အိမ်တစ်လုံး၏ခေါင်မိုးပေါ်သို့ပြုတ်ကျခဲ့သည့်အတွက် အနည်းငယ် ပျက်စီးသွားကြောင်းသိရသည်။

ထိုမက်စတန်း ပီ-၅၁ လေယာဉ်ကို မောင်းနှင်လာသော ဗြိတိသျှလေယာဉ်မှူးသည် ပေါင်းမိုးပြုတ်ကျခဲ့သည့်အဖြစ်အပျက်ကို သက်ဆိုင်ရာသို့ အကြောင်းမကြားဘဲ ဘာလင်မြို့ ချော့နစ်ဖီးလ်လေဆိပ်သို့ အရောက် ဆက်လက်ပျံသန်းလာခဲ့သည်။

လေယာဉ်မှူးရှာမတွေ့

အဆိုပါလေယာဉ်သည် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂ခုနှစ် အချိန်ကစတင် ထုတ်လုပ်ခဲ့သော လေယာဉ်အမျိုးအစားဖြစ်ပြီး ခရီးအကွာအဝေး ကီလိုမီတာ၇၀၀အထိ တောက်လျှောက်ပျံသန်းနိုင်စွမ်းရှိသည်။ဘာလင်မြို့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ လေကြောင်းပြပွဲတွင် ပါဝင်ပြသရန် ပျံသန်းလာစဉ်အထက်ပါအဖြစ်အပျက်နှင့်ကြုံတွေ့ရခြင်းဖြစ်သည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ လေယာဉ်မှူးအားဂျာမန်ရဲတပ်ဖွဲ့က မေးမြန်းမည်ဟုဆိုသည်။ ယခုအခါ လေဆိပ်တွင် လေယာဉ်ကိုသာတွေ့ရပြီး လေယာဉ်မှူးမှာ ရှာမတွေ့ရဘဲ ပျောက်ဆုံးလျက်ရှိသည်။ (အင်တာနက်)

ရှောင်လေဝေးဝေး မူးယစ်ဆေး

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၀၆ (ကြာသပတေးနေ့)

၁၃၆၈ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၄)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
- ၅:၀၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၂၅ ၇။ **"သတိနဲ့ယှဉ်အသိနဲ့ပြင်" (အပိုင်း-၁) (ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ရတနာခင်၊ ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ ဝိုင်းစုခိုင်သိန်း၊နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၅:၃၅ ၈။ တေးဂီတအစီအစဉ်
- ၅:၄၅ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်ပန်းလှလှ"(အပိုင်း-၁၁)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေ့နေ"(အပိုင်း-၈)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ကိုယ်ရံတောင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် တိုင်းရင်းဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၄

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ရှိ ကိုယ်ရံတောင် စေတီတော်မြတ်ကြီးအား ရွှေထီးတော်အသစ် တင်လှူပွဲနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ တိုင်းရင်းဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲ၊ တိုင်းရင်းဆေးရုံ ဖွင့်ပွဲအခမ်းအနားတို့ကို မေ ၁၁ရက်(ကဆုန်လပြည့်နေ့)တွင် ရမ်းဗြဲမြို့၌ကျင်းပရာ ပြည်တွင်း ပြည်ပသာသနာပြု အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တ အရိယဝံသနှင့် ရမ္မာဝတီဆရာတော် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘဒ္ဒန္တ ကုန္တပါလ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များနှင့် ပင့်သံဃာတော် ၁၀၈ပါးတို့ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ရွှေထီးတော်အသစ် တင်လှူခြင်းအခမ်းအနားကို မင်္ဂလာအချိန် နံနက် ၇နာရီ ၄၅မိနစ်တွင် ကျင်းပရာ ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်၊ ရမ်းဗြဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်၊ အလှူရှင် ရန်ကုန်မြို့ သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်ပိုင်ရှင် သီဟသုဓမ္မမဏိဇောတရေ၊ သီရိသုဓမ္မမဏိဇောတရေ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးသန်းနိုင်၊ ဇနီး သီဟသုဓမ္မသီရိဒေါ်ကြည်ကြည်ဆွေ မိသားစုတို့က ရွှေထီးတော်အသစ်ကို ပန်းရထားဖြင့် စေတီတော်မြတ်ကြီးအား တင်လှူပူဇော်ကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာနသို့ တိုင်းရင်းဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် တိုင်းရင်းဆေးရုံဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ အလှူရှင် ဦးသန်းနိုင်က တိုင်းရင်းဆေးရုံသစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ရခိုင်ပြည်နယ် တိုင်းရင်းဆေးဦးစီးဌာနမှူးက ကျေးဇူးတင်စကားပြောကြား၍ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်မြို့မှ တိုင်းရင်းဆေးလုပ်ငန်းရှင်များဖြစ်ကြသော မှန်ချို၊ ထက်လင်း၊ ထွန်းရွှေဝါနှင့် ကေသီပန်တို့က တိုင်းရင်းဆေးမျိုးစုံတို့ကို အခမဲ့ လှူဒါန်းကြသည်။

ထို့နောက် ကိုယ်ရံတောင် စေတီတော်မြတ်ကြီးအား ရွှေထီးတော်အသစ် တင်လှူခြင်း၊ ဘက်စုံမွမ်းမံ ပြုပြင်လှူဒါန်းခြင်းနှင့် တိုင်းရင်းဆေးရုံသစ် လှူဒါန်းခြင်းတို့အတွက် ရေစက်ချ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရမ္မာဝတီဆရာတော် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘဒ္ဒန္တ ကုန္တပါလ ထံမှ ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ပင့်သံဃာတော် ၁၀၈ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ကိုယ်ရံတောင် စေတီတော်မြတ်ကြီးအား ရွှေထီးတော်အသစ် တင်လှူပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရမ္မာဝတီရခိုင်ရိုးရာ လှေပြိုင်ပွဲ၊ ကျင်ပွဲနှင့် ဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ (သတင်းစဉ်)

အမျိုးသား မီတာ ၄၈၀၀ အုပ်စုတစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ သူတင်ကိုယ်တင် စီးနင်းယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

သက်တမ်းအလိုက် ရေကူးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၄

အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး သက်တမ်းအလိုက် ရေကူးပြိုင်ပွဲကို ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မွန်းလွဲ ၂နာရီမှ စတင်၍ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သက်တမ်းအလိုက် ရေကူးပြိုင်ပွဲသို့ ရန်ကုန်မြို့ရှိ ဌာနဆိုင်ရာ ရေကူးအသင်းများနှင့် ရေကူးကန်များမှ ရေကူး အားကစားသမားများအပြင် မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့မှ ရေကူးအားကစားသမားများအပါအဝင် စုစုပေါင်း ၁၁၅ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထူးချွန်ထက်မြက်သည့် ရေကူးအားကစားသမားများ၊ မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်လာရေး ရည်ရွယ်ကျင်းပသည့် ယခုပြိုင်ပွဲသို့ ရေကူးအားကစား ဝါသနာရှင်များအနေဖြင့် အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ နှိုးဆော်ထားသည်။(ကြေးမုံ)

၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာ၊ စာစီစာကုံးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မေ ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများအတွက် ခေါင်းစဉ်မှာ အင်္ဂလိပ်ဘာသာဖြင့် "Young People"၊ မြန်မာဘာသာဖြင့် **"ကမ္ဘာ့လူ့ဘောင်သာယာရေး၊ ငယ်ရွယ်သူများ ပျိုးထောင်ပေး"**ဖြစ်သည်။

ပိုစတာပြိုင်ပွဲကို အသက်အလိုက် အဆင့်ငါးဆင့်ခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ အဆင့်(၁)တွင် အသက် (၆)နှစ်မှ (၈)နှစ်၊ အဆင့်(၂)တွင် အသက်(၉)နှစ်မှ (၁၂)နှစ်၊ အဆင့်(၃)တွင် အသက်(၁၃)နှစ်မှ (၁၅)နှစ်၊ အဆင့်(၄)တွင် အသက်(၁၆)နှစ်မှ (၁၈)နှစ်၊ အဆင့်(၅)တွင် အသက် (၁၉)နှစ်နှင့် အထက်ရှိသူများဖြင့် သတ်မှတ်ထားသည်။ အဆင့်(၁)မှ အဆင့်(၄)အထိ ပြိုင်ပွဲကို ပြည်နယ်၊ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများကကြီးမှူး၍ ပြည်နယ်၊ တိုင်း၊ မြို့တော်များရှိ သတ်မှတ်ထားသောနေရာများ၌ ဇွန် ၁၀ ရက်(စနေနေ့)တွင် လေးနာရီကြာ ကျင်းပမည်ဖြစ်ရာ ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပေးမည့် (၁၅ လက်မ x ၂၀လက်မ) ပုံဆွဲစက္ကူဖြင့်သာ လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆင့်(၁)မှ အဆင့်(၄)အထိ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင် ဇွန် ၈ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။ အဆင့်(၅)ကို အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး (၁၈ လက်မ x ၂၄လက်မ)အရွယ် မိမိကြိုက်နှစ်သက်ရာ ပုံဆွဲစက္ကူကို အသုံးပြုရေးဆွဲပြီး သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ ဇွန် ၁၄ရက် အရောက် သို့မဟုတ် ပြည်သူ့အင်အားဦးစီးဌာနရုံးချုပ် ရန်ကုန်မြို့သို့ ဇွန် ၂၇ရက် အရောက်ပေးပို့ရမည်။ ရန်ကုန်တိုင်းမှ ယှဉ်ပြိုင်သူများသည် ပြည်သူ့အင်အားဦးစီးဌာနရုံးချုပ်သို့ ဇွန် ၂၇ရက် အရောက် တိုက်ရိုက်ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဆုများအဖြစ် အဆင့်(၁)မှ အဆင့်(၄)အထိ ပထမဆုငွေကျပ် တစ်သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆုငွေကျပ် ငါးသောင်းနှင့် အထူးဆု ငါးဆုအဖြစ် ငွေကျပ် နှစ်သောင်းစီ သတ်မှတ်ထားပြီး အဆင့်(၅) အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲအတွက် ပထမဆု ငွေကျပ် တစ်သိန်း ငါးသောင်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်း၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် အထူးဆု ငါးဆုအဖြစ် ငွေကျပ် သုံးသောင်းစီ သတ်မှတ်ထားသည်။

စာစီစာကုံးကို မြန်မာဘာသာဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။ စာစီစာကုံးပြိုင်ပွဲကို တက္ကသိုလ်၊ ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းအဆင့် ၈၊၉၊၁၀တန်းနှင့် အလယ်တန်းအဆင့် ၅၊၆၊၇ တန်း၊ အဆင့် သုံးဆင့်ခွဲ၍ ပြည်နယ်၊ တိုင်း၊ မြို့ကြီးများတွင် ဇွန် ၁၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ နံနက် ၁၁နာရီအတွင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဆုများအဖြစ် တက္ကသိုလ်၊ ကောလိပ်အတွက် ပထမဆုငွေ ကျပ်ငါးသောင်း၊ ဒုတိယဆုငွေ ကျပ်လေးသောင်း၊ တတိယဆုငွေ ကျပ်သုံးသောင်းနှင့် အထူးဆု ငါးဆုအား ငွေကျပ် နှစ်သောင်းစီ သတ်မှတ်ထားသည်။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတွက် ပထမဆုငွေ ကျပ်လေးသောင်း၊ ဒုတိယဆုငွေ ကျပ်သုံးသောင်း၊ တတိယဆုငွေ ကျပ်နှစ်သောင်းနှင့် အထူးဆု ငါးဆုအား ငွေကျပ် တစ်သောင်း ငါးထောင်စီ သတ်မှတ်ထားသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြိုင်ပွဲဝင်လိုသူများသည် (၁၀x၁၄)လက်မအရွယ်အစား Print ပုံဖြင့် အရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆုငွေ ကျပ်နှစ်သိန်း၊ ဒုတိယဆုငွေ ကျပ်တစ်သိန်း ငါးသောင်း၊ တတိယဆုငွေ ကျပ်တစ်သိန်းနှင့် အထူးဆုအဖြစ် ငွေကျပ် ငါးသောင်းစီ သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးမောင်မောင်မြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန အမှတ်(၄၁၆) မဟာဗန္ဓုလလမ်း ရန်ကုန်မြို့သို့ ဇွန်၁၅ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်သူများမှ တိုက်ရိုက်ပေးပို့ရမည်။ ရောင်စုံဓာတ်ပုံများကို မိမိကိုယ်တိုင် ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့် စပ်လျဉ်းသည့်အကြောင်းအရာ (Caption) အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများ ပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူများ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲများတွင် ဗဟိုအဆင့် ပထမ၊ ဒုတိယနှင့် တတိယဆုရသူများကို ဇူလိုင် ၁၁ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး အထူးဆုများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများမှတစ်ဆင့် ဆုရရှိသူများထံ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ပြည်နယ်၊ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင် ကြည့်ရှုနိုင်ပြီး ရန်ကုန်တိုင်းမှ ယှဉ်ပြိုင်မည့်သူများအနေဖြင့် ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရန်ကုန်မြို့တွင် ကြည့်ရှုနိုင်သည်။

မရှင်းလင်းသည့် အချက်များရှိပါက ပိုစတာပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်း၊ ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ဖုန်း-၃၈၂၀၇၊ အတွင်းရေးမှူး ဦးမြင့်သိန်း လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ဖုန်း-၃၈၅၉၁၃နှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့် ဒုတိယညွှန်ကြားရေးမှူး (စီမံနှင့်ဘဏ္ဍာဌာနခွဲ) ပြည်သူ့အင်အားဦးစီးဌာန ဖုန်း-၃၈၅၉၁၆၊ ဓာတ်ပုံပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်မြင့် လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ဖုန်း-၃၈၅၉၁၀နှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း(ရန်ကုန်မြို့) ဖုန်း-၃၇၃၁၆၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။ (သတင်းစဉ်)

အမျိုးသားတံခွန်စိုက်စက်ဘီးပြိုင်ပွဲ မီတာ ၄၈၀၀ အုပ်စုတစ်ဦးချင်း ခိုင်မာဦး ပထမရ

ရန်ကုန် မေ ၂၄

၂၀၀၆ခုနှစ် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲကို ယနေ့နံနက် ၈နာရီမှစ၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်း၌ ဆက်လက်ကျင်းပသည်။

အမျိုးသမီး မီတာ ၄၈၀၀ အုပ်စုတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ခိုင်မာဦး(လယ်/ဆည်)၊ ဒုတိယ ခင်စိုးဌေး(မြို့တော်စည်ပင်)၊ တတိယ အေးအေးသင်း(မွေး/ရေ) တို့ ရရှိသွားကြသည်။ ယနေ့ပွဲစဉ်များအဖြစ် အမျိုးသားမီတာ ၄၀၀၀ တစ်ဦးချင်း အမီလိုက် ရှုံး/ထွက်ပြိုင်ပွဲ၊ အကြိုဗိုလ်လုပွဲ၊ အမျိုးသမီးမီတာ ၄၀၀၀ တစ်ဦးချင်း အမီလိုက် ရှုံး/ထွက် ပြိုင်ပွဲနှင့်အကြိုဗိုလ်လုပွဲ ပွဲစဉ်များဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများကို မေ ၂၅ရက် နံနက် ၈နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မီတာ ၄၀၀၀ တစ်ဦးချင်း အမီလိုက်ပြိုင်ပွဲ၊ မီတာ ၈၀၀ အုပ်စုတစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၁၀၀၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကျင်းပသွားမည် ဖြစ်သည်။ (ကြေးမုံ)

ထပ်မံသတင်းရရှိ

ရန်ကုန် မေ ၂၄

မေ ၂၃ ရက်ထုတ် သတင်းစာများတွင် ဖော်ပြခဲ့သော Khind Electrical & Electronic ဂုဏ်ပြုလက်ဆောင်ပေးအပ်ပွဲ သတင်းနှင့် စပ်လျဉ်း၍ Khind ထုတ်ကုန်ပစ္စည်းများကို ဖုန်း-၃၈၀၄၇၅ နှင့် ၂၄၂၃၀၇ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း ထပ်မံသတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသမီး မီတာ ၁၆၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် မင်္ဂလာတောင်ညွန့်၌ စုပေါင်းဆောင်ရွက်

ရန်ကုန် မေ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး အနောက်ရပ်ကွက်၌ ပြုလုပ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ သွားရောက်ကြည့်ရှုစစ်ဆေးအားပေးသည်။

ရှင်းလင်းတင်ပြ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် နံနက် ၆နာရီ ၄၅မိနစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းရှိ မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ခေတ္တဌာနမှူး ဒေါက်တာဒေါ်ရှုကြည်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဥမ္မာမြင့်နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့က ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်များအလိုက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု၊ ယနေ့လူထု လှုပ်ရှားမှုဖြင့် ကာကွယ်တားဆီးရေး လုပ်ငန်းများဆောင်ရွက်မည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး အနောက်ရပ်ကွက်၌ နှစ်အလိုက်၊ လအလိုက်၊ အသက်အရွယ် အပိုင်းအခြားအလိုက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေများနှင့် ကာကွယ်တားဆီးနှိမ်နင်းရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှု အခြေအနေများကို ပုံစံကားချပ်များဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဒုတိယမြို့တော်ဝန်က မိုးရာသီ ကျရောက်လာပြီဖြစ်၍ သွေးလွန် တုပ်ကွေးရောဂါ ဖြစ်ပွားစေသည့် ခြင်ကျားများ၊ ပိုးလောက်လမ်းများ နှိမ်နင်းရေး၊ အသိပညာပေးဆွေးနွေးရေး၊ သန့်ရှင်းသပ်ရပ်မှု ရှိစေရေးတို့နှင့် စပ်လျဉ်း၍ စဉ်ဆက်မပြတ် လုပ်ဆောင်ကြရန် သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်သည် မင်္ဂလာတောင်ညွန့်မြို့နယ် ကျန်းမာရေးဌာန ဝန်ထမ်းများ၊ မြို့တော် စည်ပင်သာယာရေး ကော်မတီဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ ကန်တော်ကလေး အနောက်ရပ်ကွက် ၈၇ လမ်း၊ ၈၈ လမ်းနှင့် လမ်း ၉၀ တို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး၊ လူထုလှုပ်ရှားမှုဖြင့် စုပေါင်း ဆောင်ရွက်လျက်ရှိကြသည့် ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ကျင့်သုံးရေး ပညာပေး သရုပ်ပြသခြင်း၊ ရေတွင်း၊ ရေကန်များအတွင်း လောက်လန်းစားငါးများ ထည့်သွင်းမွေးမြူပေးခြင်း၊ ရေနုတ်မြောင်းများအတွင်း ထုံးဖြူးခြင်း လုပ်ငန်းများ အခြေအနေကိုလည်းကောင်း၊ ၈၉ လမ်းအတွင်းရှိ ဓမ္မရက္ခိတ ဓမ္မာရုံ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေး ဟောပြောနေမှုအခြေအနေကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေ ပြည်သူများအားရင်းနှီးစွာ နှုတ်ဆက် အားပေးကြောင်း သိရသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်း ဆောင်ရွက်မှုများကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လှိုင်မြို့နယ်၊ သာကေတမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့၌လည်း ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ပြုလုပ်ကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ကော်မတီဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေး အားပေးကြသည်။

(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင် ဂန့်ဂေါမြို့၌စိုက်ပျိုး

ရန်ကုန် မေ ၂၄

ဂန့်ဂေါခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို မေ ၁၅ရက်တွင် ဂန့်ဂေါမြို့ သာသနာ့ဗိမာန်၌ ကျင်းပရာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာက အမှာစကားပြောကြားသည်။

စုပေါင်းစိုက်ပျိုး

ထို့နောက် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ကြူ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင် တို့သည် ဂန့်ဂေါခရိုင်နှင့် ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးဖွင့်လှစ်သည့် စက်ချုပ် ပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၆) သင်တန်းသူများနှင့်အတူ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး ပတ်ဝန်းကျင်နေရာများ၌ ခြံစည်းရိုး ကြက်ဆူပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။ (သတင်းစဉ်)

စားအုန်းဆီတန်ချိန် ၂၇၅၀ ပါ MT-Yanee သင်္ဘော ရန်ကုန်မြို့ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်ကိုတွေ့ရစဉ်။
(သတင်းစဉ်)

စားအုန်းဆီသင်္ဘော ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၂၄

နိုင်ငံတော်၏ အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများမှ စားအုန်းဆီများကို တင်သွင်းကာ ပြည်သူလူထုသို့ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ယနေ့ ညနေ ၅နာရီတွင် စားအုန်းဆီတန်ချိန် ၂၇၅၀ပါ MT-Yanee သင်္ဘောသည် ရန်ကုန်မြို့ရှိ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာပြီး တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ မေ ၂၈ရက်တွင် စားအုန်းဆီတန်ချိန် ၂၉၀၀ပါ သင်္ဘောတစ်စင်းနှင့် မေ ၃၀ရက်တွင် စားအုန်းဆီတန်ချိန် ၂၇၀၀ပါ သင်္ဘောတစ်စင်းတို့ ထပ်မံဆိုက်ကပ်လာမည်ဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သာမဏေကျော် စာတော်ပြန်ပွဲ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	မြေအိုးထမင်းနှင့် အခြားအရံဟင်းများ(၂) (အာလူးအမျှင်သုပ်နှင့် ငှက်ပျောဖူးသုပ်)
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	ဗွီစီဒီမိတ်ဆက် (ကမ္ဘာသစ်-၁)
၈း၀၀	မန္တလေးစာပေလောကနှင့် မန္တလေး စာရေးဆရာများ [ဦးထွန်းဦး၊ ကိုငြိမ်း (မန္တလေး)၊ ကိုခင်မောင်ဦး (ကိုရိုးကွန့်)၊ ဦးတင်မောင်ထွန်း (ညိုထွန်းလူ)]
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	မြန်မာစာ၊ မြန်မာစကား (အပိုင်း-၆)
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ကြမ်းခင်းတုံး ထုတ်လုပ်မှုလုပ်ငန်း
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	Graphic Design(အပိုင်း-၂) (ဦးမြင့်မောင်ကျော်၊ ဦးမျိုးမြတ်သူ)
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	အားလုံးကျန်းမာကြစေဖို့ ကျောင်းတွင်းစားသောက်ဆိုင်များသန့်ရှင်းစို့
၁၀း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	သစ်ခွ
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	We are the future (ကလေးပန်းချီပြပွဲ)
၁၁း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅	မြန်မာ့ရိုးရာခြင်းလုံး အားကစား
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	အိုးထိန်းသည် [ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ စောနိုင်(ရှမ်းပြည်)၊အိဖြူစိုး]
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။



မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ တိုးလာမည်

၂၀၀၆ခုနှစ်၊ မေ ၂၄ ရက် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်လျက်ရှိသည်။ ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊မန္တလေးတိုင်းနှင့်မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းတို့တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်တွင် ဖြစ်မြဲထက် ၅ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းတွင် ဖြစ်မြဲအောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များ**မှာ ရွှေဘိုမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ မော်လမြိုင်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၄၉လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၁၈လက်မ၊ ရွှေဘိုမြို့နှင့် ခရမ်းမြို့တို့တွင် ၁ ဒသမ ၀၆ လက်မစီနှင့် မကွေးမြို့တွင် ၀ ဒသမ ၇၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင်မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

၂၀၀၆ ခုနှစ် မေ ၂၅ ရက်နေ့ ညနေထိ ခန့်မှန်းချက်

ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်း တိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင်ထစ်ချုန်းမည့်အခြေအနေများ တိုးလာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၂၉ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၈၅ဒီဂရီဖာရင်ဟိုက်) **၂၃-၅-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၀ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်) **၂၄-၅-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း **၂၄-၅-၂၀၀၆**

နေပူသည့်နာရီပေါင်း ၁ ဒသမ ၈ နာရီခန့် **၂၃-၅-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၄-၅-၂၀၀၆	(၀ဒသမ၃၆လက်မ)	(၀ဒသမ၃၉လက်မ)	(၀ဒသမ၄၃လက်မ)
၁-၁-၂၀၀၆မှ ယနေ့အထိ	(၁၃ဒသမ၈၆လက်မ)	(၁၆ဒသမ၈၉လက်မ)	(၁၈ဒသမ၅၈လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၃-၅-၂၀၀၆ နေ့၁၄း၃၀ နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၁၂ မိုင်နှုန်း တိုက်ခတ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

ပင်ကိုစွမ်းရည်ကောင်းသော ကစားသမားများပါသည့် ပြင်သစ်



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ကမ္ဘာ့ဖလား ခြေစစ်ပွဲကာလ၌ ပြင်သစ်အသင်းအဖို့ ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရသဖြင့် ပရိသတ်က အားမလိုအားမရ ဖြစ်ခဲ့ကြရသည်။ ပင်ကိုအရည်အသွေး ကောင်းသော ကစားသမားများ ရှိနေလင့်ကစား၊ အုပ်စုခွဲမပြီးမချင်း နောက်ဆုံးအချိန်အထိ ရင်တဖိုဖိုဖြင့် စောင့်ကြည့်နေခဲ့ကြသည်။ အုပ်စုအဖြေထွက်လာချိန်တွင်မှ ပြင်သစ်အားလုံးတစ်ပြိုင်တည်း ကျေနပ်အားရမှု ရှိခဲ့ကြသည်။

ပြင်သစ်အသင်း အုပ်စုတွင် တိုဂို၊ ဆွစ်ဇာလန်၊ တောင်ကိုရီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကျလိုက်သောကြောင့် ပြင်သစ်ပြည်သူအားလုံး ပျော်ပျော်ပါးပါးဖြင့် ကမ္ဘာ့ဖလားကို စောင့်ကြည့်တော့မည်ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဂိုးသမား ကော်ပတ်(တ်)က နှစ်သက်ဖွယ်ကောင်းသည့်အုပ်စုဟူ၍ ပြောကြားခဲ့သည်။ အကယ်၍ ပြင်သစ်အသင်း ဒုတိယရှုံးထွက်အဆင့်သို့ မတက်ရောက်နိုင်ခဲ့လျှင် ပြင်သစ်ပရိသတ်က လက်ခံနိုင်ကြမည် မဟုတ်ပေ။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် အုပ်စုမှ ထွက်ခဲ့ရသော အဖြစ်ဆိုးကို ပြင်သစ်ပရိသတ်က မမေ့သေး၍ ဖြစ်သည်။

သို့သော် အသင်းအပေါ်ကျရောက်နေသော မကောင်းသည့်ဖိအားများကို ဖယ်ရှားဖို့ ကြိုးစားနေစဉ် နည်းပြဆရာ ရေမွန်ဒိုမီနစ်က အုပ်စုနှင့်ပတ်သက်၍ ကျေနပ်နှစ်သိမ့်သည့် စိတ်ထားမျိုးမထားမိဖို့ သတိပေးလျက်ရှိသည်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ မတိုင်မီ ငါးရက်အလိုတွင် ချစ်ကြည်ရေး ခြေစမ်းပွဲကစားရာ ဇီဒန်း ထိခိုက်ဒဏ်ရာရခဲ့သောအဖြစ်မျိုးကို နည်းပြဆရာက ပြင်သစ်ပရိသတ်အား



ပြင်သစ်အသင်းနည်းပြ ရေမွန် ဒိုမီနစ်။

ထောက်ပြခဲ့သည်။ ထိုစဉ်က ပြင်သစ်အသင်း ပထမအုပ်စုအဆင့်မှ လှည့်ပြန်ခဲ့ရသည်။ ဤသို့ထွက်ခဲ့ရခြင်းသည် အသင်း၌ ဇီဒန်း မပါဝင်ခဲ့သောကြောင့် ဖြစ်သည်။ ထိုအပြင် ပြင်သစ်အသင်း၏ ဂုဏ်သိက္ခာကိုလည်း များစွာထိခိုက်စေသည်။

နည်းပြဆရာက ခြေစစ်ပွဲကာလက ဆွစ်ဇာလန်နဲ့ ကျွန်တော်တို့ အုပ်စုတစ်ခုတည်း ကျခဲ့တယ်ဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် သိပြီးသားတွေပါ။ ဒါကြောင့်မို့လို့ ဆွစ်ဇာလန်နဲ့ ထပ်ကစားရဦးမယ်ဆိုတော့လည်း သိပ်ပြီးဆန်းမှာ မဟုတ်ဘူးဟူ၍ ပြောပြသည်။

ဂမ်ဆိုင်း

သို့သော် ဒိုမီနစ်မှာ မဆုံးဖြတ်နိုင်သေးသော အဓိက အချက်တစ်ချက်ရှိသည်။ ဂိုးသမားနေရာတွင် ဘားသက်(ဇ်)နှင့်ကော်ပတ်ကို မည်သူ့ကို သုံးမလဲဆိုသော ကိစ္စဖြစ်သည်။ ပြင်သစ်အသင်းသည်အရှေ့၊အနောက်၊ အလယ်ဟန်ချက်ညီသည်။ ပင်ကိုစွမ်းရည်ကောင်းသော ကစားသမား နေရာတိုင်း အများအပြားရှိသည်။ ရှေ့တန်းတိုက်စစ်နေရာမှာ ဟင်နရီ၊ ထရက်ဇီးဂေး၊ ဝီးလ်တော့ဒ်၊ အနယ်(လ်)ကာ၊ ဆစ်ဆီ၊ ဆာဟာတို့ရှိသည်။

ထို့အပြင် အသင်းတစ်သင်းလုံးကို သက်ဝင်လှုပ်ရှားလာအောင် မောင်းနှင်ပေးမည့် အလယ်တန်းမှာလည်း တီထွင်ဖန်တီးမှု စွမ်းရည်ကောင်းသော ဇီဒန်း၊ တိုက်ရည်ခိုက်ရည် ပြည့်ဝနေသော ဗီယဲရာ၊ ဖျက်အားကောင်းသော မတ်(ခ်)လီလီတို့ရှိသည်။

ထို့အပြင် အပေါ်စီးမှ နှိုင်းနှိုင်းချိန်ချိန်ဖြင့် ဆုံးဖြတ်ကစားနိုင်စွမ်းရှိသော ရောဘတ်(စ်)ပီရက်၊ ဆီးဗက်စတား၊ ဂျိုဟန် မီကောက်(ဒ်)တို့ ရှိကြသည်။

နောက်တန်းနှင့် ပတ်သက်၍ အနည်းငယ်စကားပြောစရာရှိသည်။ ကြောက်စရာ အကောင်းဆုံးသော တိုက်စစ်များကို အကြမ်းပတမ်းခံပြီး ဖျက်ထုတ်နိုင် မဖျက်ထုတ်နိုင်ဆိုသော ကိစ္စဖြစ်သည်။ အမာခံကစားမည့် နောက်တန်းကစားသမားအချို့မှာ အနည်းငယ်အနာတရဖြစ်နေကြသည်။ နောက်တစ်ချက်မှာ အင်တိုက်အားတိုက်ကစားတတ်သော မာဆယ်လီ ကစား မကစားဆိုသည် ပြဿနာဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရသော် ပြင်သစ်အသင်းအနေဖြင့် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပွဲကို သင်ခန်းစာယူ၍ ပင်ကိုစွမ်းရည်ကောင်းသော ကစားသမားများက မည်မျှ ရုပ်လုံးပေါ်အောင် စွမ်းဆောင်နိုင်မလည်းဆိုသည်ကို လေ့လာစောင့်ကြည့်ရမည် ဖြစ်သည်။ ။

ပြင်သစ်လက်ရွေးစင် ဘောလုံးအသင်းအား တွေ့ရစဉ်။

ပြည်နယ်နှင့်တိုင်း အသက်(၁၈)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် မေ ၂၄

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ဒုတိယအကြိမ် ပြည်နယ်နှင့်တိုင်း အသက်(၁၈)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီးလူငယ် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက်ရနာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားပြိုင်ပွဲရုံ၌ စတင်ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် ၁၂သင်း ပါဝင်ပြီး အုပ်စုလေးစုခွဲထားရာ (က)အုပ်စုတွင် ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်း၊ (ခ)အုပ်စုတွင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ (ဂ)အုပ်စုတွင် မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ကယားပြည်နယ်၊ (ဃ)အုပ်စုတွင် တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မကွေးတိုင်းတို့ပါဝင်ကြကာ အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲတွင် ၁၀သင်း ပါဝင်ကြပြီး အုပ်စုနှစ်စုခွဲထားရာ (က) အုပ်စုတွင် ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့ ပါဝင်ပြီး (ခ)အုပ်စုတွင် စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း) နှင့် တနင်္သာရီတိုင်းတို့ပါဝင်ကြသည်။ ယင်းအုပ်စုနှစ်ခုမှ အုပ်စုပထမနှင့် ဒုတိယရရှိကြသည့် လေးသင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပွဲဦးထွက် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းက ကရင်ပြည်နယ်ကို ၅၁မှတ်၊ ၃၄မှတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကို ၁၀၀မှတ်၊ ၁၈မှတ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းက ကယားပြည်နယ်ကို ၅၇မှတ်၊ ၃၄မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းက မွန်ပြည်နယ်ကို ၄၉မှတ်၊ ၃၁မှတ်ဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းက ပဲခူးတိုင်းကို ၂၅မှတ်၊ ၂၃မှတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းက ဧရာဝတီတိုင်းကို ၁၈မှတ်၊ ၁၃မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယနေ့ပွဲများ

(အမျိုးသားပွဲ)

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မကွေးတိုင်း
ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်း
ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်

(အမျိုးသမီးပွဲ)

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း
ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် စစ်ကိုင်းတိုင်း
မန္တလေးတိုင်းနှင့် မကွေးတိုင်း
ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် တနင်္သာရီတိုင်း

(ကြေးမုံ)

တနင်္သာရီတိုင်း မြိတ်မြို့ ဆိပ်ငယ်ရပ် ဗိုလ်ချုပ်လမ်းနေ ဦးချင်စွီး-(ဒေါ်ရှုကြူ) မိသားစုက ဒေါ်ရှုကြူ လေးလပြည့် အလှူတော်အဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ် ၂၇ သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကွယ်လွန်သူဦးပါ(ပရဆေး)အားရည်စူး၍ ရန်ကုန်မြို့ အင်းလျားရိပ်သာလမ်းနေ သီရိသုဓမ္မသီဂီ ဒေါ်မြရင်(မြသီရိဆေးတိုက်)မိသားစုက ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့အပိုင် ဦးစံဒွန်းကုန်းကျေးရွာ အဘယာရာမကျောင်းတွင် သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူတော်နှင့် သိမ်၊ တန်ဆောင်း၊ စာသင်ကျောင်း ပြုပြင်လှူဒါန်းပွဲ၊ သက်ကြီးဝါကြီးများအားပူဇော်ပွဲတွင် ဆရာတော် ဘဒ္ဒန္တမဏ္ဍလထံ သီရိသုဓမ္မသီဂီ ဒေါ်မြရင်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (က-ပ)

မေ ၂၂ ရက်က ဒေါပုံမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် တတိယအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်ပွဲတွင် အသင်းဥက္ကဋ္ဌ ဦးဝင်းဇော်က သင်တန်းသူတစ်ဦးအား အောင်လက်မှတ်ချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈)ရပ်ကွက် ပီမိုးနင်း(၁)လမ်းနေ ဦးကျော်ရှိန်(၈၉)နှစ်မြောက်မွေးနေ့အဖြစ် သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေတို့ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ပွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရသာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေး သူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည့် –

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်

ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀) ရောင်းဈေး ၂၀၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း - ၃၈၁၄၄၈၊ ၂၅၉၀၀၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၄၀၆

တောင်သမန်သစ္စာရုပ်ရှင်ဇာတ်ကား ရုံသုံးရုံတွင် ဆက်လက်ပြသမည်

ရုပ်ရှင်

ရန်ကုန် မေ ၂၄

ယခုသောကြာပတ် မေ ၂၆ရက်တွင် မြန်မာဇာတ်ကားသစ် ရုံမဝင်ဘဲ မေ ၁၂ ရက်မှစ၍ ရုံတင်ပြသခဲ့သော တောင်သမန်သစ္စာ ဆေးရောင်စုံဇာတ်ကားရုံသုံးရုံတွင် ဆက်လက်ပြသမည်ဖြစ်သည်။

တောင်သမန်သစ္စာ

လှိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ကလျာ (ဝိဇ္ဇာ/သိပ္ပံ)၏ ဝတ္ထုကို ဇော်မြင့်ဦး ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ အကယ်ဒမီ မောင်နန္ဒနှင့် တွဲဖက်ဒါရိုက်တာ ဇော်မြင့်ဦး၊ အောင်ညြဘာ၊ စိုးကျော်ဆန်းတို့ ရိုက်ကူးသည့် တောင်သမန်သစ္စာဇာတ်ကားမှာ ဘဝအခြေအနေ မတူညီကြသော်လည်း ချစ်သူဘဝမှသည် အိမ်ထောင်ရှင်ဖြစ်သည့်တိုင် ဘဝကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရာမှ မထင်မှတ်သော အထင်အမြင် လွဲမှားမှုကြောင့် လမ်းခွဲခဲ့ရသူနှစ်ဦးအကြောင်း၊ မှန်ကန်သောသစ္စာတရားကြောင့် ပြန်လည်ဆုံစည်းရပုံအကြောင်း ဇာတ်အိမ်ဖွဲ့၍ ရိုက်ကူးထားသော မေတ္တာဘွဲ့ အိမ်ထောင်ရေး သင်ခန်းစာပေး ဇာတ်ကားတစ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားသည် အကယ်ဒမီ မောင်နန္ဒ မကွယ်လွန်မီ နောက်ဆုံးရိုက်ကူးခဲ့သည့် အနုပညာလက်ရာဖြစ်သည်။ တောင်သမန်သစ္စာဇာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ ဒွေး၊ မေသန်းနု၊ နန္ဒာလှိုင်နှင့် နဝရတ်တို့ပါဝင်ကြပြီး သမ္မတ၊သွင်နှင့်မင်္ဂလာရုံတို့တွင် ဆက်လက်ပြသနေသည်။

ရှေ့ဆောင်ရုံတွင် လူငယ်ကြိုက် King Kong ဇာတ်ကား ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် ဒါရိုက်တာ Karyn Kusama ရိုက်ကူးသည့် Aeonflux ဇာတ်ကား ပြသမည်ဖြစ်သည်။ (ကြေးမုံ)

ပြသဆဲ တောင်သမန်သစ္စာ ဇာတ်ကားမှ ဒွေးနှင့် နန္ဒာလှိုင်တို့၏ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

အမျိုးသား၊ အမျိုးသမီး တာဝေးစက်ဘီးပြိုင်ပွဲ ရန်ကုန်–ပုသိမ် လမ်းမပေါ်၌ကျင်းပမည်

ရန်ကုန် မေ ၂၄

၂၀၀၆ခုနှစ် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး တာဝေးစက်ဘီးပြိုင်ပွဲကို မေ ၂၇ ရက်(စနေနေ့)တွင် ရန်ကုန်–ပုသိမ် အဝေးပြေး လမ်းမပေါ်၌ ကျင်းပမည်ဖြစ်သည်။

တာထွက်

အမျိုးသားကီလိုမီတာ ၁၆၀ တာဝေးစက်ဘီးပြိုင်ပွဲကို ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မိုင်တိုင်(၉)မိုင်မှ နံနက် ၇နာရီခွဲတွင်လည်းကောင်း၊ အမျိုးသမီး ကီလိုမီတာ ၈၀ တာဝေး စက်ဘီးပြိုင်ပွဲကို ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် အင်းမတံတားထိပ်မှ နံနက် ၈နာရီတွင်လည်းကောင်း စတင်တာထွက်ကြပြီး ရန်ကုန်–ပုသိမ်လမ်းမအတိုင်း စီးနင်းကာ ပုသိမ်မြို့အဝင် အဝိုင်းကြီးထိပ်တွင် ပန်းဝင်ကြမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရန်ကုန်–ပုသိမ် လမ်းမပေါ်၌ ပြိုင်ပွဲကျင်းပနေချိန်အတွင်း မောင်းနှင်သွားလာကြမည့် မော်တော်ယာဉ်များ၊ အနေးယာဉ်များနှင့် လမ်းသွား၊ လမ်းလာများသည် ပြိုင်ပွဲဝင်စက်ဘီး အားကစားသမားများကို ဦးစားပေးမောင်းနှင်သွားလာကြပါရန် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က မေတ္တာရပ်ခံထားသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅	၄။ မျိုးချစ်တပ်မတော်
၇း၂၀	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၀၀	၈။ မျိုးချစ်တပ်မတော်
၅း၁၀	၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။ နိုင်ငံတကာသတင်း
၆း၂၀	၁၃။ မိုးလေဝသသတင်း
၆း၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၅	၁၆။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၄၄)**
၈း၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်မတင်ကလေး" (အပိုင်း-၆)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

အိုင်တီပညာ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၄

IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ သင်တန်းများဖွင့်လှစ်လျက်ရှိရာ "Open Source Software (OSS)" သင်တန်းကို ဇွန် ၁၂ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါသင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အတွင်း နေ့စဉ် ညနေ ၃နာရီမှ ည ၇နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၀ရက် ကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် ဇွန် ၉ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အဆောင်(၄) အခန်း(၄) Myanmar Info-Tech ၊ လှိုင်မြို့နယ်၌ လာရောက်လျှောက်ထားနိုင်ပြီး အသေးစိတ် မေးမြန်းလိုပါက ဖုန်း–၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ဖတ်စာအုပ်များကို ကျောင်းသားများလက်ဝယ်သို့ ကျောင်းအပ်နှံချိန်တွင် စတင်ဖြန့်ဝေ အချိန်မီလွယ်လွယ်ကူကူ စျေးနှုန်းမှန်မှန်ဖြင့်ရောက်ရှိရေး ဖြန့်ချိသွားရန်အရေးကြီး

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်း အဝေး(၁/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၂၄

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆) ကို ယမန်နေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ၊ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် အဓိကအပိုင်းနှစ်ပိုင်းကို ပြောကြားလိုကြောင်း၊ ယင်းတို့မှာ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ဖြန့်ချိမှုအခြေအနေနှင့်၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိသွားမည့်အခြေအနေတို့ဖြစ်ကြောင်း။

၂၀၀၆-၂၀၀၇ပညာသင်နှစ်အတွက် ဖတ်စာအုပ်များ ရိုက်နှိပ်မှုမှာ ပြီးစီးပြီးဖြစ်ရာ ကျောင်းသားကျောင်းသူများ လက်ဝယ်ဖြန့်ချိမည့် ဖြန့်ချိရေး ဌာနအားလုံးသို့ ဧပြီလတွင် ပေးပို့ရောက်ရှိပြီးဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪

ယနေ့မိုးလေဝသ

၂၅ - ၅ - ၂၀၀၆

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မတ်စတန်း ပီ-၅၁ တိုက်လေယာဉ်တစ်စင်း ရပ်နားထားသည်ကို မေ ၂၃ ရက်က တွေ့ရစဉ်။

(အင်တာနက်)

ပညာရေးနည်းပညာ အထူးသင်တန်းအမှတ်စဉ်(၁)အတွက် သင်တန်းသားများခေါ်ယူ တစ်လသင်တန်းတက်ရောက်အောင်မြင်သူများကို အထက်တန်းပြအဖြစ် ခန့်ထားပေးမည် လုပ်သက်အရ ပညာရေးဘွဲ့ (B.Ed)သင်တန်း ဆက်လက်တက်ရောက်ခွင့်ပြု

ရန်ကုန် မေ ၂၄

အခြေခံပညာကျောင်းများ၌ လိုအပ်နေသည့် အထက်တန်းပြ ရာထူးနေရာများတွင် တာဝန်ပေးရန်ရှိသဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ) တို့၌ ပညာရေးနည်းပညာ အထူးသင်တန်းအမှတ်စဉ်(၁) (Special Certificate in Education Technology) (SCET) သင်တန်းဖွင့်လှစ်မည်ဖြစ်သည်။

ယင်းသင်တန်းသို့ တက်ရောက်လိုသူများလျှောက်ထားနိုင်ရာ သင်တန်းဝင်ခွင့်လျှောက်ထားသူများ ပြည့်စုံရမည့်အရည်အချင်းများမှာ လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်၊ တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ ဘာသာရပ်တစ်ခုခုတွင် ဘာသာရပ်ဘွဲ့(ဂုဏ်ထူးတန်း)နှင့်အထက်ရရှိသူများဖြစ်ရမည်၊ အင်္ဂလိပ်စာဘာသာအတွက် ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ရရှိသူများလည်းလျှောက်ထားနိုင်သည်၊ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင်

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❍

တိုက်လေယာဉ်ပျံသန်းနေစဉ် လေယာဉ်မောင်းခန်း ပေါင်းမိုးပြုတ်ကျ

အင်တာနက် သတင်း

ဘာလင် မေ ၂၄

ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်လေတပ်က အသုံးပြုခဲ့သောမတ်စတန်း ပီ-၅၁တိုက်လေယာဉ်သည် မကြာသေးမီက ဂျာမန်ဝေဟင်ပိုင်နက်အတွင်းပျံသန်းနေစဉ်တွင် လေယာဉ်မောင်းခန်းပေါင်းမိုး ပြုတ်ကျခဲ့သည့် ဖြစ်ရပ်တစ်ခုပေါ်ပေါက်ခဲ့ကြောင်း

စာမျက်နှာ ၉ ကော်လံ ၄ သို့ ●

အာဏာမက်မောပြီး အာဏာရရှိရေးကိုအဓိကထား ကိုယ်ကျိုးအတ္တကြီးမားသည့် NLD ပါတီအပေါ် လုံးဝစိတ်ဝင်စားမှုမရှိတော့သဖြင့် ပါတီဝင် ၄၃ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၄

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမောင်ကိုအပါအဝင် မြို့နယ်အလုပ်အမှုဆောင် ခြောက်ဦးနှင့် ပါတီဝင် ၃၇ ဦး စုစုပေါင်း ၄၃ ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြားခဲ့သည်။ ထို့နောက် အဆိုပါ ဖားကန့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်သူ ၄၃ ဦးတို့သည် ၎င်းတို့ နုတ်ထွက်လွှာများကို မေ ၉ ရက် နံနက် ၁၀နာရီ မိနစ် ၅၀ တွင် ဖားကန့်မြို့နယ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ ဖားကန့်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒